

ပန်းချီမောင်ကျော်ညွန့်•အဖွဲ့
မုံစာလျှန်းဝေ
နှောင်ကြိုးမမဲ့လေတဲ့
ယော်တာရင်းရယ်က
၂၀အုပ်မြောက်
အမှတ်တရ

# နှောင်ကြိုး မမဲ့လေတဲ့ငယ်စာရင်းရယ်က

## အခန်း(၁)

စိုစို၊ ညိုညို၊ ထောင်ထောင်မောင်းမောင်းနဲ့ ချောမွေ့သည့် ယောက်ျားပျိုတစ်ဦး၊ သားရေဂျာ ကင်အနက်ရောင် ဂျင်းဘောင်းဘီနက်ပြာရောင် နှင့် ယောက်ျား ပီသလွန်းတဲ့ ကိုယ်ကာယပေါ်လွင် လွန်းနေသည်။

ချောမွေ့တည်ကြည်မှု လွန်ကဲတဲ့မျက်နှာက သိပ်ကိုတည်တံ့နေသည်။ တိကျတဲ့နှုတ်ခမ်း ထူထူပြည့်ပြည့်ကလည်း တည်ခဲ့မှု ကြောင့် တင်းစေ့နေသည်။

ချောမွေ့နေသလောက် သူ့ရဲ့ မျက်ဝန်းထဲမှာ ပျော်ရွှင်မှု တွေ ဆိတ်သုဉ်းပြီး ဆွေးရိပ်တွေ ယှက်သန်းနေသည်။ ဝေရီမှု နှမှိုင်းတဲ့ မျက်ဝန်းတွေ နဲ့ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သည်။

သူရပ်နေသည့် နေရာက စင်ကာပူမြို့ ရဲ့ ဆိပ်ကမ်းတစ်နေရာ၊ ကောင်းကင်ကြိုး ရထားစီး သည့် နေရာမှာ သူ့အကြည့်တွေ က သွက်လက်စွာ လှုပ်ရှားနေသော လူတွေ ဆီသို့ အဓိပ္ပာယ်ကင်း မဲ့စွာ ကြည့်နေခြင်းပါ။

အသက် သုံးဆယ်ဝန်းကျင် ရှိနေပြီးတဲ့သူမှာ တည်ငြိမ်မှု တွေ ရှိနေတာ မဆန်းပါဘူး။ ဒါပေ မယ့် သူ့ရဲ့ မျက်ဝန်းတွေ က ရှိသင့်တဲ့တည်ငြိမ်မှု ထက် ပိုပြီးလွန်ကဲနေသည်။

သူဆိုတဲ့သူက စင်ကာပူနိုင်ငံသား မဟုတ်တဲ့ မြန်မာနိုင်ငံသား တစ်ယောက် ပဲပေါ့။

သူ့အမည် က သက်ဦးပိုင်။ နိုင်ငံခြား သင်္ဘောတစ်စင်းက ကပ္ပတိန် တစ်ယောက် ။ ခု စင်ကာပူမှာ ခေတ္တနားဖို့ဆင်းနေခြင်း၊ သင်္ဘောက သူ တစ်လခွင့်ရသည်။ သည်နေ့ စင်ကာပူ ရောက်ပြီး ဒုတိယနေ့ တစ်ယောက် တည်း အပေါင်းအသင်းတွေ နှင့်

ခွဲထွက်ခဲ့ခြင်းပါ။

သည်နေ့က ကမ္ဘာသုံးပြက္ခဒိန်ရဲ့ အစမျက်နှာ ပထမဦးဆုံးရက် ဖြစ်တဲ့ နှစ်ဆန်းတစ်ရက် နေ့။

နှစ် သစ်ကူးနှစ် ဆန်းတစ်ရက်နေ့မှာ ရုံးတွေ ၊ ကျောင်းတွေ အားလုံးပိတ်ထားသည်မို့ ပျော်ပွဲ စားထွက်ကြလည်ကြပတ်ကြသည်တွေ မနည်းမနောပါပဲ။

သဘော်ပေါ်က အတူဆင်းခဲ့တဲ့ ဒုတိယ အရာရှိလေးက သူ့မိတ်ဆွေနဲ့အတူ သက်ဦးပိုင်ကို လိုက်လည်ဖို့ ခေါ်ပါသည်။ ဒါပေမယ့် သက်ဦးပိုင် မလိုက်ခဲ့ပါ။

တစ်ယောက် တည်း အေးအေးဆေးဆေး နေချင်စိတ်က သက်ဦးပိုင်ကြီးစိုးနေပါသည်။ တစ်ခါတစ်ခါ သက်ဦးပိုင်ရဲ့ ရင်ထဲမှာ မေ့ပျောက်နိုင်စွမ်း မရှိသေးတဲ့ ဆွေးဆွေးမြည့် မြည့် ဖြစ်ရပ်တွေ က ကြီးစိုးလာတတ်ပါသည်။

သည်လိုရင်ထဲက ခံစားချက်တွေ ကြီးစိုးနိုးကြွလာချိန်မှာ သက်ဦးပိုင် ဘယ်သူနဲ့မှ စကား ပြောလိုစိတ်မရှိ တစ်ဦးတည်းလွတ်လွတ်လပ်လပ်တွေ းပြီး အတွေ းရွက်လှေကြီးကို ရွက်ကုန်လွှင့်ပြီး ရောက်ချင်ရောက် လွှင့်လိုက်ချင်တော့တာပါ။

တစ်ဖက်ကမ်းမှာ ရှိနေတဲ့ စင်ကိုစာကျွန်းသို့ သွားလည်ရင်ကောင်းလေမလားလို့စိတ်ကူးမိ သည်။ ထိုစိတ်ကူးနဲ့အတူ တစ်ဖက်သို့ ကူးရန် လက်မှတ်ဝယ်နေသည့်လူအုပ်စုကို ကြည့်လိုက်သည်။

တန်းစီထားတဲ့တန်းက မနည်းပါလား။

“ဩော်. . . ဒီနေ့နှစ် ကူးနေ့မို့ကိုး”

နှစ် သစ်ကူးနေ့မို့ တစ်ဖက်ကျွန်းမှာ သွားပြီး လည်ကြပတ်ကြပျော်ပွဲစားသွားမယ့်လူတွေ က မနည်းမနောကြီးပါ။

တဖန် သူ့ရဲ့ အကြည်ကလက်မှတ်ဝယ်ပြီး ကောင်းကငြိုး ရထားစီးဖို့ တန်းစီစောင့်နေတဲ့ လူတွေ ဆီသို့ ရောက်သွားသည်။ ထိုတန်းကြီးကလည်း

အရှည်ကြီးပါလား။

ထိုတန်းစီထားတဲ့လူအုပ်ထဲမှာ သူ့အကြည့်က ရွေ့လျားနေရာမှ တစ်နေရာမှာ ရပ်တန့်သွားသည်။ အမြင်ထူးခြားမှု တစ်ခုက သူ့ရဲ့ အကြည့်ကို ဖမ်းစားလိုက်ပါသည်။

"ဟင်"

သူ့ရဲ့ အကြည့်ကို သိမ်းကျုံး ဆွဲငင်ပြီးယူသွားလိုက်သည်ကသွယ်သွယ်လျလျ ကိုယ်လုံးလေး ပေါ်မှာ ဆင်ယင်ထုံးဖွဲ့ထားတဲ့ မြန်မာဆန်လွန်းတဲ့ ဝတ်စုံလေးနဲ့ အမျိုး သမီးတစ်ဦးရဲ့ နောက်ကျောအလှ။

ခရမ်းရင့်ရောင် အင်္ကျီလက်ရှည်၊ ခရမ်းရင့်ရောင် ပေါ်မှာ ကနုတ်ပန်းသဏ္ဍာန် ယှက်နွယ်ထားတဲ့ အဖြူရောင် ပန်းစုရွက်များ နဲ့ ပြည့်လျှမ်းနေတဲ့ ချိတ်ထဘီလေး။

တိုင်းတစ်ပါးမှာ အလွန်ရှားပါးတဲ့ မြင်ကွင်းတစ်ခုပါ။

သည်ကိုယ်လုံးကိုယ်ဟန် ပြေပြစ်ချောမွေ့တဲ့ ပုံစံက သူ့ရင်ကို တစ်ချက် ကျင်ကျင်စူးစူးကြီး ခံစားစေလိုက်ပါသည်။

သွေးမြည့် ခြင်းရဲ့ အရောင် ပိုပြီး ထွန်းတောက်စေလိုက်ပါသည်။ တမ်းတမ်းတတနဲ့ တစ်ယောက် သော သူရဲ့ အမည် ကို ကြိတ်ကြိတ်ညည်းတွားလိုက်ပါသည်။

သည်မြန်မာဆန်စွာ ဝတ်ဆင်ထားတဲ့ ကိုယ်လုံးရှင်လေးရဲ့ မျက်နှာကို တွေ့ လိုမြင်လိုစိတ် တွေ သူ့ရဲ့ ရင်မှာ ပြင်းပြလာပါသည်။ ဒါကြောင့် မျက်နှာချင်းဆိုင်မြင်တွေ့ လို့ရတဲ့ နေရာကို သူ သွားတွေ့ခဲ့သည်။

မနီးမဝေး ခပ်လှမ်းလှမ်းရောက်တော့ ရပ်ပြီး သူ့ရဲ့ စိတ်ဝင်စားမှု ကို စုစည်းချုပ်ကိုင်နိုင်တဲ့ သဏ္ဍာန်ဆီသို့ စူးစိုက်ကြည့်မိသည်။

"ဟာ. . ."

ရုတ်တရက် သူ့ကိုယ်ထဲမှာ လည့်ပတ်နေတဲ့သွေးတွေ ရပ်ဆိုင်းသွားပြီး ပါးစပ် အဟောင်းသားနှင့် အံ့သြမှင်သက်စွာ ငေးနေမိသည်။ ရုတ်တရက် လှုပ်ရှားဖို့မေ့သွားတဲ့

နှလုံးသားလေး ထခုန်ပြီး ပြင်းပြင်းထန်ထန် လှုပ်ရှားနေပါပြီ။ သွေးခုန်နှုန်းတွေ က စောစောကပျံ့သန်းသွားတဲ့ ဂျက်လေယာဉ်ကြီးထက်တောင် မြန်နေမလားပဲ။

တမ်းတငေးမောစွာ ကြည့်နေမိပါသည်။ ညို့ဝင်းနုညက်သော အသားအရည်။ လှပနက်ဝန်းတဲ့ မျက်လုံးလဲ့လဲ့ စင်ရော်လေးနှစ် ကောင် ပျံနေသလို မည်းနက်နေတဲ့ မျက်လုံးတွေ ၊ ပြီးတော့ နှင်းဆီဖူးသဏ္ဌာန် နီစွေးနေတဲ့ နှုတ်ခမ်းမော့မောလုံးလုံး နှာခေါင်း၊ ဒါတွေ ကို အဝေးကလှမ်းမြင် လိုက်ရပါသည်။

အပွကောက်ထားတဲ့ဆံပင်တွေ က ပခုံးကျော်ကျော်လေးမှာ မည်းနက်ခက်ဝေစွာ ၊ နုနုလျှလျှ ကျဆင်းနေသည်။ ရှေ့ဆံပင်ကို ဘေးတစ်ဖက်ခွဲထားလိုက်ပုံက အတွန့်တွန့် အခွေခွေ အထပ်ထပ်နဲ့ မခို့တရို့ပါပဲ။

ပြင်ဆင်မှု သွင်ပြင် ပြောင်းသွား တာရယ်၊ မျက်နှာနုနုလေးနဲ့ တည်ကြည်ရင့်ကျက်တဲ့ပုံစံ ပြောင်းသွား တာကလွဲရင်။

“အချစ်လေးရယ်၊ မင်းမှမင်းပါပဲလား”

ကြေကွဲမောလျစွာ တမ်းတလိုက်ပါသည်။ ထိုနေရာက ရွှေ့လျားဖို့ပင် မေ့ခဲ့ပါလေပြီ။

“သူလေးက မြန်မာပြည်မှာ ပဲ၊ သူလေး ဖြစ်နိုင်ပါ့မလား”

ထူထဲစိမ်းမှောင်နေတဲ့ မျက်ခုံးတွေ ကို အတွန့်ချိုး ပြီး နက်နက်နည်းနည်း တွေ းလိုက်ပါသည်။

“ဘာပြောပြော တူလိုက်တာမှ အရမ်းပဲ၊ အသက်နည်းနည်း ကြီးလာတဲ့ ပုံစံပဲ ကွာခြားတယ်”

“သြော်. . . ကြီးပြီပေါ့နော်၊ ဆယ်နှစ် တောင်ကြာခဲ့ပြီပဲ။ ဟိုတုန်းက ဆယ်ကျော်သက်လေးကိုး”

“ခုဆို ချစ်လေးအသက် နှစ် ဆယ်ကျော်ပြီပေါ့”

နွမ်းလျဆွေးမြည့်စွာ စိတ်ထဲက ရေရွတ်လိုက်ပါသည်။ သည်မိန်းကလေးကို သူ အနီးကပ် ကြည့်ချင်ပါသည်။ လိုက်၍ လေ့လာချင်ပါသည်။ ဒါကြောင့် စောစောက တစ်ဖက်ကမ်းကို မကူး တော့ဘူးဆိုတဲ့ အစီအစဉ်ကို ချက်ချင်း ပယ်ဖျက်လိုက်သည်။

လက်မှတ်ဝယ်ရန် တန်းစီနေတဲ့ လူတန်းတွေ ဆီသို့ သွက်သွက်လှမ်းခဲ့သည်။

မကြာခဏ သူ့ရဲ့ အကြည့်တွေ ၊ ထိုခရမ်းပြာရောင် လေးဆီသို့ လွင့်၍ လွင့်၍ ရောက်သွားသည်။

♥♥♥

## အခန်း(၂)

“နှင်းဆီ”

“ဟင်. . . ဘာလဲ၊ သိမ့်ရဲ့ ”

ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ သရုပ်ပြဆရာမ လေး နှင်းဆီထံသို့ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း သိမ့်သိမ့်သူက လာကပ်ထိုင်ရင်း ခေါ်သည်။

“နှင်း စင်ကာပူသွားမလို့ဆို”

သိမ့်သိမ့်သူကို လှည့်ကြည့်ရင်း နှင်းဆီဆိုတဲ့ မိန်းမလှလေးက မေးလိုက်သည်။

“ယူ့ကို ဘယ်သူပြောလဲ”

“ဆရာကပြောလိုက်လို့ ယူခွင့်တင်ဖို့ ဆရာနဲ့သွားဆွေးနွေးတယ်ဆို”

“အေး. . . ဟုတ်တယ်”

“ယူ အလုပ်ထွက်ပြီးသွားမှာ မဟုတ်ပါဘူးနော်”

“ကြံ့ကြံ့ဖန်ဖန်ကွာ၊ အလည်သွားမှာ ပါ၊ ဆရာကတို့အလည်သွားမှာ ကိုရော မပြောလိုက်ဘူးလား”

“ဟင့်အင်း၊ စင်ကာပူသွားမယ်ပဲပြောတာ”

“ဒါကြောင့် နားစွန်နားဖျားနဲ့ကြားပြီး အထင်နဲ့စွတ်တင်လိုက်တာပေါ့ ဟုတ်လား”

ချစ်စဖွယ် မျက်စောင်းလေးထိုးပြီး မခို့တရို့ မျက်နှာပေးနှင့် နှင်းဆီကမေးသည်။ သိမ့်သိမ့် သူက နှင်းဆီရဲ့ မျက်နှာလေးကို ငေးခနဲကြည့်နေမိသည်။

“နှင်းဆီရယ်၊ နှင်. . . သိပ်လှတာပဲ၊ ဘာလို့ အပျိုး ကြီးလုပ်နေတာလဲ နှမြောစရာကြီး”

“ကြည့်. . . ပေါက်ကရတွေ ပြောပြီ”

သိမ့်သိမ့်သူရဲ့ ပခုံးကို တွန်းလိုက်ပြီး နှင်းဆီက အပြုံး ငွေ့ငွေ့နှင့် ပြောသည်။

“အသက်နှစ် ဆယ့်ငါးနှစ် ကို အပျိုကြီးစာရင်းထဲ ယူတို့က သွင်းလိုက်ပြီလား”

“အင်းလေ၊ နှစ် ဆယ်ကျော်အစိတ်ပိုင်းဆို အရွယ်တော် တဆိတ်ဟိုင်းသွားပြီလေ”

“ဟွန့်၊ သူက အသက်နှစ် ဆယ့်တစ်နှစ် နဲ့ ယောက်ျားယူတိုင်းတို့ကို လိုက်ပြီး အပုပ်ချတာ ပေါ့”

မျက်စောင်းလေးခဲပြီး မခံချင်အောင်ပြောနေတဲ့ သိမ့်သိမ့်သူကို မကြည်တဲ့ အကြည့်နဲ့ ကြည့်ပစ်လိုက်သည်။

“နှမြောလို့ပါ၊ နှင်းဆီက ကျောင်းတုန်းကလည်း စတား၊ ခု ဆရာမ တွေ ထဲမှာ လည်းစတား၊ ဒါလောက် လှနေတာတွေ အလကား ဖြစ်နေလို့ နှမြောလို့ပါကွာ”

“တို့ဘာသာ တို့နေတာ ဘာနှမြောစရာရှိလို့လဲကွာ”

“ယူ့ရဲ့ အလှအပတွေ ကို တွေ ့ထိခံစားမယ့်လူမရှိတာ

ဘယ်လောက်ဝမ်းနည်းစရာကောင်း လဲ”

“အို. . . ဘာဝမ်းနည်းစရာရှိလဲ၊ ရှိပြီးသား အလှအပတွေ မပွန်းပဲ့အောင် ယူကော တို့လို ထားနိုင်လို့လား”

နှင်းဆီက အားကျမခံ ပြန်ပြောသည်။ သည့်လိုချက်ကောင်းကို အနက်ခံလိုက်ရတော့ လည်း သိမ့်သိမ့်သူက ပြုံး ဖြဲဖြဲလုပ်နေသည်။

“အော်. . . နောက်ရပြောင်ရတာ နဲ့ပဲ၊ စင်ကာပူကိစ္စမေ့သွားပြီ. . .”

သိမ့်သိမ့်သူက မျက်နှာပိုးသပ်ပြီး စပ်စုရင်းကိစ္စကို မေ့သွားသည်။

“ဟိုမှာ ဘာသွားလုပ်မှာ လဲ”

“အစ်မရှိတယ်လေ၊ သူ့ဆီသွားလည်မှာ ”

“ဩော်. . . ယူ ပြောပြောနေတဲ့ အစ်မလား၊ ဒါနဲ့ သူက သွားအလုပ်လုပ်တာ မဟုတ်လား”

“မဟုတ်ဘူး၊ သူ့ယောက်ျားအလုပ်ကြောင့် ပြောင်းသွား ကြတာလေ”

“ဒါဆို. . . ဟိုမှာ ကြာပြီပေါ့နော်”

“ကြာပြီလေ. . . ငါးနှစ် လောက်ရှိပြီ”

“ခါတိုင်းယူက မမစံပယ်အကြောင်း ပြောပြပေမယ့်၊ ကိုယ်ဒါလောက် အတိအကျမသိဘူး၊ အလုပ်သွားလုပ်တယ်ထင်နေတာ”

“အေးကွာ တို့ကလည်း မစံပယ်ဘာပို့တယ်၊ ညာပို့တယ်လောက်သာ ပြောပြောနေမိတာ ကိုး”

“ဟိုမှာ ယူ ဘယ်လောက် ကြာမှာ လဲဟင်”

“ခွင့်တစ်လ ယူသွားတယ်လေ”

“အေးကွာ၊ ယူ့ကို လွမ်းနေတော့မှာ ”

“အပိုတွေ ”

“တကယ်ပါ၊ ဒါနဲ့ယူ ဘာလို့ အိမ်ထောင်မပြုတာလဲ၊ သိမ့်ဖြင့် စဉ်းစားမရ၊ ယူ့ဆိုရင် ကြိုက်တဲ့လူတွေ ၊ လိုက်တဲ့လူတွေ ဒါလောက်များ တာ”

သိမ့်သိမ့်သူရဲ့ အမေးကြောင့် နှင်းဆီရဲ့ မျက်ဝန်းလေး ညှိုမှိုင်းသွားသည်။ သူမရဲ့ ရင်ထဲမှာ တဆစ်ဆစ်နဲ့ နာကျင်လာသည်။ ညှိုး လျသွားတဲ့ မျက်နှာကိုကြည့်ပြီး သိမ့်သိမ့်သူ မေးသည်။

“ဟယ်. . . မေးလိုက်တာနဲ့ ဘာလို့မျက်နှာညှိုး သွားတာလဲ”

အသိတရားတွေ ရုတ်ခနဲ ကိုယ်ထဲပြန်ဝင်လာသည်။ လွှတ်ခနဲ တွေ းလိုက်မိသည့် စိတ်ကို ခါထုတ်ပစ်လိုက်သည်။

“အဟင်း”

“မေးတာဖြေလေ”

ရယ်ကျဲကျဲလေးလုပ်ပြီး ဇွတ်တရွတ်မေးနေတဲ့ သိမ့်သိမ့်သူကို ဖြေလိုက်သည်။

“ရှင်းပါတယ်ကွယ်၊ မယူချင်သေးလို့ မယူတာပဲပေါ့”

“ဟာ. . . ဒီအရွယ်တောင်မယူချင်သေးရင် ဘယ်တော့ယူမှာ လဲ. . .”

“ယူချင်တဲ့ အခါမှာ ပဲပေါ့”

မချိုမချဉ် မျက်နှာလေးနဲ့ ပြန်ဖြေလိုက်သည်။

“ယချင်တဲ့အခါကော ရှိလာဦးမှာ လား”

“ရှိချင် ရှိလာမှာ ပေါ့”

စကားနိုင်လုပြီး နှင်းဆီကပြောလိုက်ပါတယ်။ သူ့ ရင်ထဲမှာ တော့ အဖြေကရှိနှင့်

ပြီးသားပါ”

ဘယ်လိုမှ ပြန်မဆုံဆည်းနိုင်တော့သည့် အချစ်အတွက် နှင်းဆီ ဘယ်လိုလုပ်ပြီး မျှော်လင့် လို့ရမှာ လဲကွယ်

နှင်းဆီရဲ့ ရင်ထဲမှာ ရှိသမျှ ချစ်တတ်တဲ့ အချစ်တွေ အားလုံး သူ့ကို ပုံပေးခဲ့ပြီပဲ။ သူ လိုချင် ချင်၊ မလိုချင်ချင် နှင်းဆီက ရက်ရက်ရောရောကြီး ပေးမိပြီပဲ။ ချစ်တတ်တဲ့ နှလုံးသား ဆိုတာ နှင်းဆီ မှာ မရှိတော့ပြီ။ ခုနှင်းဆီမှာ ရှိနေတာက ကိုယ်ခန္ဓာကြီး လှုပ်ရှား အသက်ရှင်ဖို့အတွက် လှုပ်ရှားနေတဲ့ နှလုံးသားသာ။

ရုတ်တရက် ညှိုး ကျ မှိုင်းမှု နှံသွားတဲ့ နှင်းဆီရဲ့ မျက်နှာလေးကို လှမ်းကြည့်ပြီး အဖြေရှာမရ အောင် သိမ့်သိမ့်သူ ဖြစ်နေပါသည်။

“နှင်းဆီ ဘယ်တော့လောက် သွားမှလဲ”

“ခွင့်ကျတဲ့အခါလေ”

“စင်ကာပူသား တစ်ယောက် နဲ့ စွံမလာနဲ့ဦးနော်”

“စိတ်ချ ဘယ်တော့မှ မစွံဘူး”

“ဪ. . . သိမ့်ရယ်၊ သူက နှင်းဆီရင်ထဲက ခံစားချက်တွေ ကို ဘာမှမသိရှာဘူးကိုး၊ နှင်းဆီရင်ထဲမှာ လေ၊ တခြားသူကို ပေးစရာနေရာ မရှိတော့ဘူးကွယ်၊ သူ့ကိုချစ်တဲ့ အချစ်တွေ ကို အသည်းထဲမှာ နှင်းဆီမြှုပ်နှံပြီး၊ အသည်းတံခါးလေးကို အသေပိတ်လိုက်ပါပြီ”

“ဒီအသည်းတံခါးလေးက ဘယ်သူလာခေါက်ခေါက် ပွင့်မှာ မဟုတ်တော့ပါဘူး၊ ဖွင့်ဖွင့်မယ် ကြံတဲ့သူလည်း အသည်းတံခါးရဲ့ သော့ မရှိရှာလို့ လက်မှိုင်ချရမှာ ပါ။ ဒီတံခါးလေးရဲ့ သော့ က သူ့ဆီမှာ လေ၊ သူဆိုတာ နှင်းဆီ အရူးအမူးချစ်ရတဲ့သူပေါ့ကွယ်”

နှုတ်ကဖွင့်ဟ ဝန်မခံရဲလို့ နှင်းဆီက အသံတိတ်ရင်ထဲကပဲ ဖွင့်ဟလိုက်ပါသည်။

“နှင်းဆီရင်ထဲက သူရယ်၊ ဒီဘဝ မဆုံနိုင်တော့ပေမယ့် ဆယ်ဘဝ

ဆယ်သက်တိုင် နှင်းဆီ စောင့်နေမယ်ကွယ်”

“လွှမ်းမိုးနိုင်သူကြီးရဲ့ စိမ်းကား၊ မပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေ ကြောင့် နှင်းလေး ရင်ကွဲ မတတ်ခံစားနေရပြီကွယ်၊ ဒါတွေ ကို သူက သိမှာ မဟုတ်ပါဘူးလေ”

“ဟိတ် ဘာတွေ ငေးနေတာလဲ”

သိမ့်သိမ့်သူက ပခုံးကိုကိုင်လိုက်မှ နှင်းဆီရဲ့ အတွေ းတွေ ပစ္စုပ္ပန်အခြေအနေဆီသို့ ရောက် လာပါသည်။

“အဟင်း. . . ဘယ်လိုလူမျိုး ယူရ ကောင်းမယ် စိတ်ကူးနေတာ”

မချိုမချဉ် မျက်နှာလေးနှင့် နှင်းဆီက ဖြေလိုက်သည်။

“တော် တော် ရီရတဲ့နှင်းဆီ”

♥ ♥ ♥

## အခန်း(၃)

နာတာလူးပွဲလို့ခေါ်တဲ့ ခရစ်ယာန်ဘာသာများ ရဲ့ ခရစ်တော် ရဲ့ မွေးနေ့၊ ခရစ်စမတ်ပွဲ မတိုင်မီ နှစ် ရက်အလိုမှာ နှင်းဆီ စင်ကာပူနိုင်ငံသို့ ရောက်ခဲ့ပါသည်။

လေယာဉ်ပေါ်မှာ ခုံချင်းကပ်လျက် ထိုင်လာသူ အမျိုး သမီးလေးတစ်ဦးနှင့် နှင်းဆီရင်းနှီး သွားသည်။ ထိုအမျိုး သမီးက စင်ကာပူမှာ အလုပ်ရလို့ လာလုပ်ခြင်းဆိုတာ သိရသည်။

တစ်ခါမှ မရောက်ဘူးသော နိုင်ငံကို တစ်ယောက် တည်းခရီးထွက်ခဲ့သော နှင်းဆီ၊ အဖော် ရတာ မို့ အားတက်သွားသည်။ နှစ် နာရီကျော်ကျော် စီးရသော ခရီးကို စကားပြောဖော်လေးနှင့် စီးရ တော့ အချိန်ကုန်မှန်းမသိ ကုန်သွားလေသည်။

လေယာဉ်ပေါ်ကဆင်းတော့ မေစီနဲ့အတူပဲ ဆင်းခဲ့ပါသည်။ နှစ် ယောက် လုံး ပစ္စည်းများများ စားစား မပါတော့ ပိုပြီး ဟန်ကျသည်။ ချန်ဂီလေဆိပ် အဆောက်အအုံထဲသို့ ကားပေါ်ကဆင်းပြီး ဝင်ခဲ့သည်။

ပန်းတွေ နှစ်သက် တဲ့နှင်းဆီ လေဆိပ် အဆောက်အအုံထဲက သစ်ခွပန်း ခရမ်းရောင် တွေ ကို မြင်ပြီး လူကိုချာချာလည်လည် သွားတာပဲ။ လေ့ကားထစ်တွေ လို အဆင့်ဆင့်တွေ မှာ သစ်ခွတွေ ကလည်း ပြွတ်ပြွတ်ခဲခဲ ပွင့်ဖူးနေပါသည်။

"ကြည့်ပါဦးမေစီရယ်၊ ပန်းတွေ လှလိုက်တာ"

"နှင်းဆီက ပန်းသိပ်ကြိုက်တာပဲထင်တယ်"

"ဟာ. . . အဲ့လိုပွင့်ဖူးနေတာမြင်ရင်လေ နှင်းဆီရင်ထဲမှ သိပ်ကြည်နူးတယ်၊ နောက်ပြီးလေ သဘာဝရဲ့ လှပမှု ကို နှင်းဆီသိပ်ခံစားတတ်တယ်"

"အဟင်း. . . နှင်းဆီက သိပ်စိတ်ကူးယဉ်တတ်ပုံရတယ်။ စာရေး ဆရာလုပ်ဖို့ကောင်းတာ"

"အဟင်း. . . ရေး မလားစိတ်ကူးနေတာ"

ထိုသို့ ပြောနေရင်းက နှင်းဆီရဲ့ အတွေ းတွေ ရုတ်ခနဲ သူ့ဆီသို့ ရောက်သွားသည်။

"နှင်းဆီလေး သူ့ကြောင့် ရင်ထဲခံစားချက်ကို အရင်းတည်ပြီး အဆွေးဝတ္ထုတွေ ရေး ရင် သိပ် အောင်မြင်မှာ ပဲ ထင်ပါရဲ့ "

ကြည့်လေ နှင်းဆီရဲ့ စိတ်တွေ ကို သူ သိပ်စိုးမိုးနိုင်ခဲ့တယ်၊ ခုလို ရင်ထဲကြည်နူးနေချိန်မှာ တောင် သူ. . . ရောက်ရောက်လာတယ်လေ။

"လာ နှင်းဆီ၊ ဟိုမှာ လူဝင်မှု ကြီးကြပ်ဆီမှာ နိုင်ငံကူးလက်မှတ်နဲ့ဗီဇာပြရမှာ "

"သြော်"

အတွေးတွေ ဖြင့် ငေးငိုင်ရပ်တန့်သွားတဲ့ နှင်းဆီကို မေစီက ခေါ်တော့မှ နှင်းဆီက လှုပ်ရှားသွားဖို့ သတိပြန်ရသွားသည်။

နှင်းဆီက ပတ်စပို့နှင့် လေယာဉ်ပေါ်တုန်းက ရေး ခဲ့ရသော နိုင်ငံအဝင်လက်မှတ်လေးကို လူဝင်မှု ကြီးကြပ် အမျိုး သမီးလက်ထဲသို့ ထည့်ပေးလိုက် သည်။ အမျိုး သမီးက တံဆိပ်ရိုက်ပြီး ဘေးကအမျိုး သားဆီ တစ်ဆင့်ပေးသည်။ သူကလည်း တံဆိပ်နှိပ်ပြီး ကတ်ပြားတစ်ဝက်ကို ဖြတ် ယူထားသည်။ ပြီးတော့ ပတ်စပို့နဲ့ ကတ်ပြားတစ်ဝက်ကို ပြန်ပေးသည်။ နှင်းဆီကို စင်ကာပူနိုင်ငံမှာ နှစ် ပတ်နေခွင့်ပေးလိုက် သည်။

တစ်ဖက်ရောက်တော့ သေတ္တာများ ကိုလှည့်နေတဲ့ အက်(စ)ကလေတာခေါ် စက်တပ် ရွေ့လျားနေသည့် ခါးပတ်ပေါ်က သေတ္တာကိုဆွဲယူပြီး တွန်းလှည်းလေးပေါ်တင်ပြီး တွန်းခဲ့သည်။

မေစီနှင့် အတူ တွန်းခဲ့သည်။ မှန်သားများ ကာရံထားသော အပြင်မှာ ရပ်စောင့်ပြီး ဝမ်းသာ အားရလက်ဝှေ့ရမ်းပြနေတဲ့ အစ်မ ဖြစ်သူ စံပယ်၊ တူနှင့် တူမလေးတို့ကို တွေ့ရသည်။

ခွဲခွာနေရတဲ့ အစ်မမျက်နှာကို မြင်ရတော့ နှင်းဆီရင်ထဲမှာ အရမ်းဝမ်းသာသွားသည်။ အားပါးတရ လက်ပြလိုက်သည်။

"မေစီ၊ အဲဒါနှင်းဆီရဲ့ အစ်မနဲ့ တူ၊ တူမလေးလေ"

"ဟုတ်လား၊ ကြည့်ပါဦးကွယ်၊ ကလေးတွေ က ဝမ်းသာလွန်းလို့ ခုန်ဆွခုန်ဆွကို ဖြစ်နေတာ ပဲ"

သူတို့ကို မြင်ရတော့ နှင်းဆီရဲ့ ခြေလှမ်းတွေ ပိုပြီးသွက်လက်လာသည်။ မှန်တံခါးမှ အပြင်သို့ လက်တွန်းလှည်းကိုလည်း အရှိန်မြင့်မြင့်လေးနဲ့ တွန်းထွက်ခဲ့သည်။

အပြင်ရောက်တော့ စံပယ်ရဲ့ ဆီးပွေ့ဖက်ခြင်းကိုနှင်းဆီခံလိုက်ရပါသည်။

အသက်ဆယ့်သုံး နှစ် ခန့်ရှိ တူ ရာဇာ၊ အသက်ဆယ်နှစ် ရှိ တူမလေး သဇင်က နှင်းဆီရဲ့ ခါးကို ဖက်ထားကြသည်။

“နှင်းဆီ၊ ညီမလေးရယ်”

“အန်တီလေးကို မီးမီးတို့ မျှော်လိုက်ရတာ ၊ အကြာကြီးစောင့်နေရတာ ”

ပါးဖောင်းဖောင်းလေးနှင့် ဖြူဖြူထွေးထွေးတုတ်တုတ်လေး သဇင့်ကို နှင်းဆီ ကုန်း၍ နမ်း လိုက်ပါသည်။

“သားကြီးကရော အန်တီလေးကို မျှော်နေရဲ့ လား”

တူကြီးရာဇာရဲ့ ခေါင်းလေးကို ပွတ်သပ်ပြီး နှင်းဆီက ကျီစယ်လိုက်ပါသည်။

“အန်တီလေးကိုလဲ မျှော်ပါတယ်။ နောက်ပြီး ပါလာမယ့် မုန့်တွေ ကိုလဲ သားကမျှော်ပါ တယ်”

“ကဲ. . . ကြည့်. . . နှင်းဆီတူက အစားအသောက် သိပ်ခုန်မင်တာ”

သားရဲ့ မျက်နှာကိုကြည့်ပြီး ရယ်ကာ စံပယ်ကပြောသည်။

“ဟုတ်တယ်၊ သားက မြန်မာပြည်က စားစရာတွေ ကိုတွေ းပြီး သွားရည်ယိုနေတာ၊ ဟို ဆီးထုပ်တော ပါတယ်နော် အန်တီလေး”

“ပါပါတယ်ကွာ၊ သားတို့မှာ တာ အကုန်သယ်လာခဲ့တယ်၊ သူတို့ညီအစ်မကို မေစီက ပြုံး ပြုံး ကြီး ရပ်ကြည့်နေသည်။ နှင်းဆီက တူ တူမနဲ့ အလွမ်းသယ်နေပြီးမှ ဘေးမှမေစီကို သတိရသွား သည်။

“သြော်. . . မေစီ၊ ဒါ တို့မမလေ၊ မမစံပယ် ဒါ မေစီတဲ့”

“သြော်. . . တွေ့ရတာ ဝမ်းသာပါတယ်ကွယ်”

“မေစီက ဒီမှာ လာပြီး အလုပ်လုပ်တာ”

“ဟုတ်လား”

“မမစံပယ်ရယ် မေစီလိုတာရှိ ကူညီလိုက်ပါနော်”

“ရပါတယ်၊ မေစီလိုတဲ့အကူအညီတောင်းပေ့ါ ဟုတ်လား ဒီမှာ မမစံပယ်ရဲ့ လိပ်စာ”

လိပ်စာနှင့် ဖုန်းနံပါတ်ပါသော ကတ်ပြားလေးကို မေစီအား ထုတ်ပေးသည်။

“ကျေးဇူးနော်မမ”

“မမတို့ လိုက်ပို့ပေးမယ်လေ”

“သူတို့လာကြိုမှာ ပါ”

“ဒါဆို မမတို့သွားမယ်”

နှင်းဆီတို့ မထွက်ခွာမီမှာ ပဲ၊ မေစီထံသို့ ကြိုသူများ ရောက်လာသည်။

“သွားမယ်နှင်းဆီရေ”

“ကောင်းပြီ မေစီ”

နှုတ်ဆက်ပြီး လေဆိပ်ကထွက်ခဲ့သည်။ စံပယ်ရဲ့ ခင်ပွန်းက ကားကိုထွက်ပေါက်မှာ အသင့် စောင့်ပြီးကြိုနေသည်။ ကရိနာကားနီလေးပေါ်သို့ တက်ခဲ့ကြသည်။

“ဟယ်. . . ကိုမင်းဒင်ကြီးက ဝလို့ပါလား”

ခဲအိုကို နှင်းဆီက လှမ်းနှုတ်ဆက်သည်။

“ဝဆို ညည်းအစ်မက ငါ့ကို အလုပ်တွေ ဖိခိုင်းနေတာကွ၊ ဒါကြောင့် ပင်ပန်းပြီး စားဝင်အိပ် ပျော် ဖြစ်နေတာလေ”

“ဟွန်းနော် အစ်ကို၊ ညီမလေးလာတာနဲ့အပုပ်မချနဲ့၊ ကိုယ့်ဘာသာကိုယ် အစားပုပ်လို့ ဝပြီး တော့”

စံပယ်က ချစ်စနိုး၊ မျက်စောင်းထိုးလိုက်သည်။

"နှင်းဆီရယ်၊ နင်ကလဲညွှန်းလိုက်တာ စင်ကာပူကို တစ်ယောက် တည်း မဟုတ်ဘဲ၊ ဟန်းနီး မွန်းထွက်ခဲ့ရောပေါ့"

"အစ်ကိုတို့ကတွေ့တာနဲ့ နှင်းဆီကိုစဖို့ပြင်ပြီ"

"မမစံပယ်ရဲ့ ဒုက္ခတွေ မြင်ပြီး၊ နှင်းဆီလေ၊ ယောက်ျားမယူမိတာ သိပ်ကံကောင်းတယ်လို့ ထင်နေတာ"

နှင်းဆီကလည်း ပြန်ပြီးနောက်လိုက်သည်။

"ကောင်းတယ်၊ ခုတော့ ချက်ကောင်းထိသွားပြီ မဟုတ်လား ဦးမင်းဒင်ရဲ့ "

"အောင်မယ် နင့်အမြင်နဲ့နင်က ပြောနေတာ၊ စံပယ်မေးကြည့်ပါလား၊ ငါလိုယောက်ျားရတာ သူ ဘယ်လောက် ကံကောင်းလဲလို့"

"ကောင်းပါ့ရှင်၊ မြန်မာပြည်မှာ ကျုပ်က လက်မွေးမီးမလောင်၊ ခြေမွေးမီးမလောင် နေခဲ့တာ၊ ဒီရောက်မှ ထမင်းချက် လုံးလုံးကြီး ဖြစ်နေရပြီ"

အိမ်ဖော်စရိတ်က ကြီးလွန်းပြီး၊ မတတ်နိုင်၍ စံပယ်အိမ်ဖော် မငှားခဲ့ပါ။ မိမိကိုယ်တိုင်ချက် ပြုတ်၍ အိမ်မှု ကိစ္စ အဝဝကို လုပ်ကိုင်ခဲ့ရသည်။

"စံပယ်တို့က ဒီစကားတစ်ခွန်းတည်းနဲ့ ငါ့ကိုနိုင်နေတာ နှင်းဆီရေ့"

ရယ်ရယ်မောမော ပြောပြောဆိုဆိုနှင့် စံပယ်တို့ နေထိုင်ရာ၊ စာဆာရာဝွန်းစင်ထရယ်သို့ ရောက်ခဲ့ပါသည်။ အထပ်ဆင့်တစ်ထပ်မှာ စံပယ်တို့က ငါးထပ်၊ ထိပ်ဆုံးအခန်းနှစ် မှာ နေထိုင်ခြင်း ဖြစ်သည်။

ဓာတ်လှေကားက တက်ခဲ့ကြပါသည်။ ကိုမင်းဒင်က တံခါးကို သော့ ခတ်ခဲ့၍ ရှေ့ဆုံးကသွား ပြီး ဖွင့်နှင့် သည်။ ကလေးတွေ က အထုပ်အပိုးတွေ ဝိုင်းသယ်ပေးသည်။

"ကဲ. . . မနှင်းဆီ၊ ဒီမှာ ပျော်ပျော်သာနေနော်၊ အဖော်လေးလဲ ရှင်ချင် ရှာသွားဦး"

ကိုမင်းဒင်က နှင်းဆီကို ဧည့်ခန်းထဲ ရောက်ရောက်ခြင်း နောက်လိုက်ပြန်သည်။

"အန်တီလေး၊ သားတို့အတွက် ဘာပါလဲ"

"အေး. . . ဟုတ်ပါရဲ့၊ သားအတွက် အန်တီလေးက အရင်ပေးရမှာ ပေါ့"

နှင်းဆီက စလင်းဘတ်ထဲက သော့တွဲ ကို ထုတ်ပြီး မြွေရေခွံအိတ်ကြီးကသော့ကို ဖွင့်သည်။ ပြီးတော့ ဇစ်ကိုဆွဲဖွင့်လိုက်သည်။

"ဒီမှာ သားကြီးအတွက် မရမ်းယို၊ သရက်ယို၊ မကျည်းလိပ်စုံနေတာပဲ"

"ဟင်. . . မီးမီးဖို့ကြတော့ရော"

သဇင်လေးက နှုတ်ခမ်းလေး စူစူမူမူနဲ့ နှင်းဆီရဲ့ ခါးကို ဖက်ပြီးမေးသည်။

"မီးမီးအတွက်ရောပေါ့ကွယ်"

တူမလေးရဲ့ ပါးဖောင်းဖောင်းလေးကို သာသာလေးလိမ်ဆွဲပြီး နှင်းဆီကပြောသည်။

"ဩော်. . . မမစံပယ်မှာ လိုက်တဲ့ ပဲပြုတ်၊ နှင်းဆီယူခဲ့တယ်"

နှင်းဆီက လက်ဆွဲအိတ်ထဲက ပလတ်စတစ်အိတ်နဲ့ ထုတ်ထားတဲ့ ပဲပြုတ်ထုပ်ကို ထုတ် လိုက်သည်။

"အေးဟယ်၊ ပဲပြုတ်သိပ်စားချင်နေတာ၊ အခုပဲ သုတ်စားမယ်"

"မီးမီးတို့လဲ စားမှာ နော်"

"အများ ကြီးပါ သဇင်ရယ်၊ စားရမှာ ပေါ့"

နောက်ထပ် အိတ်တစ်လုံးကိုဖွင့်ပြီး ရာဇာကပြောသည်။ လပ်ဂိတ်(ချ)ထဲထည့်ရင် ဆီပေမှာ စိုးလို့ ဆွဲလာတာ၊ သရက်သီးသနပ်တို့ ငပိကြော်၊ ချဉ်ပေါင်ကြော်တို့ စုံနေတာပဲ၊ သားကြီးက မြန်မာပြည်က ဝက်အူချောင်းစားချင်တယ်ဆိုလို့ မေမေက နှစ် ပိဿ ၁တောင် ထည့်ပေးလိုက် တာ"

"ဟာ ပွတာပဲ"

"လာ. . . နှင်းဆီ ဒီအခန်းမှာ နှင်းဆီအတွက် ပြင်ထားတာ"

နှင်းဆီက သူ့ရဲ့ အဝတ်အစားသေတ္တာလေးကို ဆွဲပြီး ဝင်ခဲ့သည်။

"ဟယ်. . . အခန်းလေးက သပ်ရပ်နေတာပဲ"

"အင်း. . . ဒီအခန်းက ရေချိုး ခန်းနဲ့ အိမ်သာပါတွဲ လျက်လေ"

"ဟာ ဟန်ကျတာပေါ့"

"ဟိုဘက် နှစ် ခန်းက မမတို့အခန်းတစ်ခန်း၊ သားကြီးတစ်ခန်းပေါ့"

အိပ်ခန်းကျယ်ကျယ်သုံးခန်း၊ အိမ်သာနှင့် ရေချိုး ခန်းတွဲ လျက် နှစ် လုံးပါသော တိုက်ခန်း လေးက သီးသန့်အိမ်လေးတစ်လုံးပမာဏ လောက်ကျယ်ပြန့်နေလေသည်။

"ကဲ. . . နှင်းဆီ အဝတ်အစားလဲပြီး ထမင်းစားကြရအောင်"

"ကောင်းပါပြီ မမစံပယ်"

♥ ♥ ♥

## အခန်း(၄)

ညစာစားစားပြင်ပြီးမှ နှင်းဆီတို့အိမ်က ထွက်ခဲ့သည်။

"နှင်းဆီကို သိပ်စည်တဲ့ အော်ချစ်လမ်းကို လိုက်ပြမလို့၊ ခရစ်စမတ်ပွဲအတွက် ပြင်ဆင်ထား တာလေ"

"ဟုတ်လား၊ တွေ့ ဖူးမြင်ဖူးရတာ ပေါ့"

"မကြည့်ခင် စျေးဆိုင်တစ်ဆိုင်နှစ် ဆိုင်ဝင်ပြတာပေါ့"

ပထမဦးဆုံး စီးတီးပလာဇာလို့ခေါ်တဲ့ ဆိုင်ကိုဝင်ရအောင်"

ပစ္စည်းမျိုး စုံရှိတဲ့ဆိုင်ကို ဝင်ခဲ့ကြသည်။ နှင်းဆီက လျှောက်ငေးနေသည်။ စံပယ်က စားသောက်ဖွယ်ရာများ ဝယ်သည်။

"နှင်းဆီလိုချင်တဲ့ပစ္စည်းတော့ ပြန်ကာနီးမှ ဝယ်ပေါ့"

"ခုကတည်းက ကြည့်ထားမယ်လေ"

"အေး. . . ဟုတ်ပြီ"

တင်မှတ်သည်ထက် ဆိုင်တွင် းမှာ အချိန်ကြာသွားသည်။ စီးတီးပလာဇာက ထွက်တော့ မိုးတွေ ရွာနေပြီ။

"ဟင်. . . မိုးတွေ ရွာနေပြီ"

နှင်းဆီက တအံ့တသြကြီး ဖြစ်သွားသည်။

"ဟုတ်တယ်၊ ဒီမှာ က အဲလိုပဲ မိုးရွာတယ်"

"ဆောင်းတွင် းကြီးမှာ မိုးရွာတယ်နော်"

"သြော်. . . နှင်းဆီရယ်၊ ဒါ အီကွေတာနဲ့ နီးတဲ့ကျွန်းလေ၊ ဒီလိုရာသီဥတုမျိုး နှစ်

ပတ်လည်ပဲ”

“သြော်. . . ဟုတ်လား”

“ဒါဆို နောက်နေ့မှပဲ အော်ချစ်လမ်းကို သွားကြည့်တာပေါ့”

“အင်း. . . ဒီမိုးကြီးနဲ့ နှင်းဆီလဲမသွားချင်တော့ပါဘူး”

အိမ်ကိုပြန်ခဲ့ကြသည်။ ကွဲကွာနေသော တူ၊ တူမ လေးတွေ နှင့် နှင်းဆီ စကားဖောင်ဖွဲ့လိုက် တာ ညဆယ့်နှစ် နာရီထိုးတာတောင် မအိပ်ချင်သေးပါ။

♥ ♥ ♥

နောက်တစ်နေ့နံနက် ကိုမင်းဒင်က အလုပ်ကို သွားရသည်။ နှင်းဆီနှင့် စံပယ်နှင့် ကလေး နှစ် ယောက် အိမ်မှာ ကျန်ရစ်ခဲ့သည်။

“နှင်းဆီ လျှောက်ကြည့်ဦးမလား”

“ညကျမှပဲ သွားတာပေါ့”

“အေး. . . ဒါဆို အိမ်မှာ ပဲ နားလိုက်ကြဦးပေါ့”

ကွဲကွာနေတာကြာပြီ ဖြစ်တဲ့ ညီအစ်မနှစ် ယောက် ချက်ရင်းပြုရင်းနှင့် စကားတွေ ပေါက်နေ ကြတယ်။

“ကိုမင်းဒင် ထမင်းစားပြန်လား”

“ဟင့်အင်း. . . သူ ရုံးမှာ ပဲစားတာ”

“မေမေနဲ့ ဖေဖေက မမတို့ကို သိပ်လွမ်းနေပြီ”

ကောက်ကာငင်ကာ ပြောလိုက်တဲ့ နှင်းဆီရဲ့ စကားကြောင့် စံပယ်ရဲ့ မျက်နှာလေး ညှိုး ကျ သွားသည်။

"အေးဟယ်. . . အဖေတို့အမေတို့အသက်ကြီးပြီ၊ မမလဲ သိပ်လွမ်းတယ်၊ နောက်နှစ် လောက်တော့ ပြန်မယ်လို့ အစ်ကို့ကို ပြောထားတယ်"

"အင်းလေ၊ သူ့အလုပ်ကလဲ ဒီမှာ ဖြစ်နေတော့ ခက်တာပေါ့"

"မမတော့လေ ကိုယ့်အမိမြေ ကိုယ့်တိုင်းပြည်ကိုပဲ လွမ်းတယ်ကွယ်"

"ဟုတ်ရာမယ်လို့ နှင်းဆီတွေးပြီး အစ်မ ဖြစ်သူကို ကရုဏာသက်မိသည်။

"မြန်မာ့မြေ၊ မြန်မာ့ အစားအစာကို တစ်ခါတစ်ခါ သိပ်လွမ်းတယ်"

"မမက ငါးပိကြိုက်တာနဲ့ ဒီမှာ တော့ ဒုက္ခ တွေ့နေပြီ ပေါ့"

ငါးပိရည်ချိုကို သိပ်ကြိုက်တဲ့ စံပယ်ကိုကြည့်ပြီး ပြုံး ဟဟနဲ့ နှင်းဆီကပြောသည်။

"ငါးပိက ဒီမှာ လဲ ရပါတယ်ကွယ်"

ဟိုအကြောင်း သည်အကြောင်းပြောရင်း တစ်နေ့တာအချိန်က ကုန်သွားလေပြီ။

"ဟယ်. . . အစ်ကို လာကာနီးပြီ၊ နှင်းဆီ ရေချိုး ပြင်ဆင်ထားဟော့၊ တော် ကြာ ဆူခံနေရဦး မယ်"

မင်းဒင်က ညနေသူ့ရုံးကပြန်လာတာနဲ့ လိုက်ပို့မယ်ပြောခဲ့သည်။ ဒါကြောင့် မို့ စံပယ်နှင့် နှင်းဆီတို့ကို အသင့်ပြင်ထားခိုင်းလေသည်။

"နှင်းဆီမမရဲ့ အဝတ်တွေ ယူဝတ်ပါလားကွယ်"

"ဘာလို့လဲ"

"နှင်းဆီမှာ မြန်မာအဝတ်အစားပဲပါတာ မဟုတ်လား"

"နှင်းဆီရဲ့ မြန်မာအဝတ်အစားနဲ့ လည်လို့မရလို့လား"

"မဟုတ်ဘူးလေ၊ တစ်မူထူးနေတဲ့ နှင်းဆီကို သူများ တွေ ကြည့်မှာ ပေါ့"

“မြန်မာမိန်းကလေး မြန်မာလိုဝတ်တာပဲ မမရယ် အထူးအဆန်း ဖြစ်လို့ ကြည့်ချင်လဲကြည့် ကြပေစေပေါ့”

နှင်းဆီရဲ့ ပြောဟန်လေးကို အစ်မ ဖြစ်သူက ငေးငေးလေးကြည့်မိလျက်သား ဖြစ်သွား သည်။

“နှင်းဆီပြောတာ ဟုတ်ပါတယ်လေ။ မမတို့က ဒီမှာ နေရတော့ သူတို့လိုပဲ ဝတ်စားရတာ ပေါ့ ကွယ်”

“အဲတာလဲဟုတ်တာပေါ့ မမရယ်”

“ကဲ. . . ရေချိုး တော့”

နှင်းဆီရေချိုး ခန်းသို့ ဝင်ခဲ့ပါသည်။ ရေမိုးချိုး ပြီးမှ နှင်းဆီပြင်နေကျအတိုင်း မျက်နှာလေးကို ပြင်လိုက်သည်။ ပြီးတော့ ချိတ်ထဘီပန်းရောင် ၊ အင်္ကျီပန်းရောင် လေးကို ရွေးဝတ်လိုက်သည်။

“ဟယ်. . . ညီမလေးရယ် လှလိုက်တာ”

မြင့်မားသွယ်လျကျစ်လစ်တဲ့ ကိုယ်လုံးလေးနဲ့ ပန်းပုရုပ်လေးလို လှနေတဲ့ ညီမငယ်ကိုကြည့် ပြီး စံပယ်က ကြည်ကြည်နူးနူး ပြောသည်။

တိုက်စကပ်အညို၊ အညိုရောင် စပို့ရှပ်နဲ့ အစ်မကိုကြည့်ပြီး နှင်းဆီက ရယ်လိုက်သည်။

“မမလဲလှပါတယ်၊ ဒါပေမယ့် အရင်ထက်ဝလာပြီနော်”

“အေးဟယ်၊ အသက်ကြီးလာလို့ထင်ပါရဲ့ ”

“အောင်မယ် ပျင်းလို့ လေ့ကျင့်ခန်းမလုပ်ရင် မလုပ်ဘူးပေါ့၊ ဘယ့်နှယ် အသက်ကို ပုံချနေရ တာလဲ”

“အဟင်း၊ ပျင်းလာပြီကွယ်၊ မလုပ်ချင်တော့ဘူး”

“အန်တီလေး၊ မီးမီးရောလှလား”

ဂျင်းဘောင်းဘီတို၊ စပို့ရှပ်လေးနဲ့ ဖြူဖွေးဝတုန်နေတဲ့ တူမလေးကို ကုန်းပြီးပွေ့လိုက်သည်။

မီးမီးက အားလုံးထဲမှာ အလှဆုံး၊ ချစ်စရာအကောင်းဆုံး။

ပန်းသွေးရောင် ပြေးနေတဲ့ ပါးဖောင်းဖောင်းလေးကို ငုံ့မွှေးလိုက်သည်။

“ပါးလေးက နေ့လယ်က အန်တီလေးစားတဲ့ ပန်းသီးလေးကျနေတာပဲ”

“ပန်းသီးထင်ပြီး မစားလိုက်နဲ့နော်”

“စားလိုက်မှာ ပဲ”

ချစ်စရာကောင်းလွန်း၍ ပါးပြင်လေးကို ထပ်ပြီးနမ်းရှုံ့လိုက်ပါသည်။

♥ ♥ ♥

မီးရောင် စုံထွန်းညှိထားတဲ့ အောချစ်လမ်းသို့ ရောက်ခဲ့ပါပြီ။ ကားကို တစ်နေရာမှာ ရပ်ပြီး လမ်းလျှောက် ထွက်ခဲ့ပါသည်။

ခရစ်စမတ်ပွဲတော် အတွက် ဆိုင်တိုင်းလိုလိုက လှပစွာ ပြင်ဆင်ထားတာ တွေ့ရသည်။

“အန်တီလေး. . . ဟိုမှာ ကြည့်ပါဦး၊ လူပုလေးက တံခါးဖွင့်ချောင်းကြည့်လိုက်၊ ပိတ်လိုက် လုပ်နေတယ်”

လူပုလေးအိမ်က သူ့အိမ်လေးကတံခါးလေးကို ဖွင့်လိုက် ပိတ်လိုက်လုပ်ပြီး ချောင်းကြည့် နေသော ပုံများ ၊ ဆီးနှင်းတွေ ကျနေသော ထင်းရှူး ပင်များ ၊ မီးမှုန်မှုန်ရောင် စုံလေးတွေ ပွတ်ခဲပြီး တန်ဆာဆင်ထားသည်။

လမ်းဘေးနစ် ဖက် လမ်းလယ်ကိုဖြတ်ပြီး သွယ်တန်းထားသည့် မီးဝါးဝါးတန်းတွေ ကလည်း တစ်လမ်းလုံး အစအဆုံးပါပဲ။

အချို့ ဆိုင်များ က မီးလုံးလေးတွေ ကို တစ်ရောင် တည်း အောက်ခံသား အဖြစ်ပြုလုပ်ထားပြီး ထိုပေါ်မှာ မီးရောင် စုံဖြင့် သူတို့ရဲ့ ဆိုင်အမည် ကို ဖော်ထားသေးသည်။

အချို့ ဆိုင်တွေ က ဆိုင်အဝတက်သည့် လှေကားဘေးတစ်ဖက်တစ်ချက်မှာ နတ်သမီး၊ အိမ်ဂျယ်ရုပ်များ ပြီးတော့ လက်ဆွဲ သစ်သီးကြိမ်ချင်းပုံစံထဲမှာ သီးနှံမျိုး စုံကို ထည့်ထားပြီး ချိတ် ထားတဲ့ ချင်းကြီးတွေ က ကြီးကြီးမားမားကြီးတွေ ပလတ်စတစ်နဲ့ လုပ်ထားတဲ့ သစ်သီးတွေ က လူတစ်ရပ်နီးပါး။

"အန်တီလေး အဲဒီ ထဲက ပန်းသီးစားမလား"

"မကုန်နိုင်လို့ မစားတော့ပါဘူး ရာဇာရယ်"

တူငယ်လေးရဲ့ ဆံပင်တွေ ကို ပွတ်သပ်ရင်း နှင်းဆီလည်း အားကျမခံ ပြန်ကျီစယ်လိုက် သည်။

"ကဲ. . . နှင်းဆီ ပြောင်းရောပေါ့၊ ကားဆီပြန်မယ် နောက်မှ ကားနဲ့တစ်လမ်းလုံးကြည့်တာ ပေါ့"

"ဟုတ်ကဲ့"

ကားထားရာဆီသို့ ပြန်လျှောက်ခဲ့သည်။ ကားဖြင့် တစ်လမ်းလုံးကြည့်သည်။

"ဖေဖေ၊ အန်တီလေးကို နောက်တစ်ခေါက်ပြန်မောင်းပေးလိုက် ဦးလေ"

"အေးပါ. . . သမီးရယ်"

မီးရောင် စုံဖြင့် လင်းထိန်လှပနေသော ဆိုင်များ ကို နှင်းဆီမြင်တွေ ရပါလေသည်။

ထိုနေ့ည မိုးချုပ်မှ အိမ်သို့ နှင်းဆီတို့ ပြန်ရောက်ကြပါသည်။

♥ ♥ ♥

# အခန်း(၅)

“ကိုကိုရေ နှင်းဆီရောက်တုန်း မလေးရှားပါ လိုက်ပို့ရအောင်နော်”

“အေးပါ၊ ကိုကိုခွင့်တင်ထားတယ်၊ သုံးရက်လောက်ဆို လောက်တယ်မဟုတ်လား”

“ရပါတယ်”

နေ့လယ်ဘက်ဆို ကိုမင်းဒင်အလုပ်သွား၍ နှင်းဆီကိုဘယ်မှ မပို့နိုင်ပါ။ ညနေဘက်မှ နှင်းဆီတို့ထွက်လည်ရသည်။

“အန်တီလေးကို နယူယီးယားနေ့ကျရင် စင်ကိုဆာကျွန်းကို လိုက်ပြရအောင်နော် မေမေ”

ရာဇာက သတိတရပြောသည်။

“အေး. . . သားအဖေလဲ ရုံးပိတ်တယ်၊ ချက်ပြုတ်ပြီးသွားကြမယ်”

“အန်တီးလေးရဲ့ အဲဒီ မှာ သိပ်ပျော်စရာကောင်းတာ”

“ဟုတ်လား”

“သားလဲ လည်ချင်နေတာကြာပြီ၊ အန်တီလေးလာတော့ သားဟန်ကျသွားပြီ”

“ဟွန်း. . . လူလည်လေး၊ သူသွားချင်တာနဲ့ အန်တီလေးကို ပြမယ်ဆိုပြီး ရောချတာပေါ့”

“အဟင်း. . .”

ရာဇာက သဘောကျစွာ ရယ်လိုက်သည်။

"နှင်းဆီတူက သိပ်လူလည်ကျတာ၊ ဘယ်ဆိုင်မှ သူမရောက်ဘူးတာ၊ မသိတာမရှိဘူး၊ ဈေးဝယ်ရင် မမက သူ့ကိုအားကိုးနေရတာ "

"ဒါဆို ရာဇာက စင်ကာပူရောက် မြန်မာလူလည်လေးပေါ့"

"မေမေကလဲ၊ သား. . . အဲဒီ လိုလည်လို့ မေမေတို့ ဈေးသက်သက်သာသာနဲ့ ပစ္စည်းတွေ ရတာ မဟုတ်လား"

"ဟုတ်တယ် နှင်းဆီ၊ ဒီမှာ က တစ်ဆိုင်နဲ့တစ်ဆိုင် ဈေးသိပ်မတူဘူး၊ တချို့ ဆိုင်တွေ က ဈေးကြီးတယ်၊ သား ကတော့ ဈေးအနည်းဆုံးဆိုင်ကို သိတယ်လေ"

"မမက ဒီမှာ ရာဇာ့အားကိုးနဲ့ နေနေရတာ ပေါ့"

"ဟုတ်တာပေါ့ အန်တီလေးရ၊ ရာဇာမရှိရင် ဒီအိမ်မှာ ခက်သွားမှာ သိလား"

ရာဇာက လက်မလေးတစ်ထောင်ထောင်နှင့် ဝင့်ကြွားစွာ ပြောသည်။ စံပယ်နှင့် နှင်းဆီ ရာဇာ့ပုံစံကိုကြည့်ပြီး ရယ်မိကြပါသည်။

"စင်တိုဆာသွားတဲ့နေ့ကျရင် မေမေ ဟင်းကောင်းကောင်းထည့်ခဲ့နော်"

"ကဲ. . . ဘာဟင်းချက်ရမှာ လဲ၊ ပြောပါဦး ဆရာရယ်"

"ဟိုလေ၊ အန်တီလေးပါတဲ့ ဝက်အူချောင်းရယ်၊ ငါးပိကြော်ရယ်၊ သရက်သီးသနပ်ရယ်"

"အဲဒါ ဟင်းကောင်းလား ရာဇာရယ်"

နှင်းဆီက အပြုံး လဲ့လဲ့ဖြင့် တူငယ်ကိုကြည့်ပြီးမေးသည်။

"သားကြိုက်တဲ့ ဟင်းမို့ ဟင်းကောင်းပေါ့"

"မီးမီးက အန်တီလေးထောင်းလာတဲ့ ငါးပိထောင်း ပါမှ နော်"

မြန်မာ့ အစားအစာတွေ နှစ်သက် လွမ်းမောတဲ့ တူလေးနှင့် တူမလေးကိုကြည့်ပြီး နှင်းဆီရင် ထဲမှာ သနားသွားသည်။

"သြော်. . . သူတို့လေးတွေ က မြန်မာကလေးတွေ ပဲ၊ မြန်မာ့ထမင်းဟင်းကို လွမ်းကြမှာ ပေါ့"

စိတ်ထဲ တွေးလိုက်မိပါသည်။ ဒါကြောင့် လည်း မြေးနှစ် ယောက် စားဖို့ မိခင်ကြီးက စုံတကာ စေ့နေအောင် ထည့်ပေးလိုက် ခြင်းပဲ မဟုတ်လား"

"အန်တီလေး၊ အဲဒီ နေ့ကျရင် မေမေ့ရဲ့ ဂျင်းဘောင်းဘီ ဝတ်ခဲ့ပါလား၊ ဟိုမှာ ဓါတ်ပုံတွေ ရိုက် ရအောင်"

"အန်တီလေးက ဓာတ်ပုံတွေ ဟိုကသူငယ်ချင်းတွေ ကိုပြမှာ ကွယ့်၊ မြန်မာဝတ်စုံနဲ့ပဲရိုက် ချင်တာ"

"ရာဇာရယ်၊ မင်းအဒေါ်က ဘယ်လိုမှ မဲဆွယ်လို့ရမှာ မဟုတ်ဘူး"

"နှင်းဆီ ဝတ်ချင်တဲ့အခါ မမဆီက တောင်းဝတ်မှာ ပေါ့"

"တိုက်စကပ်တို့ ဘောင်းဘီတို့လဲ ဝတ် သွားပါ အန်တီလေးရဲ့ "

သဇင်လေးပါ ဝင်ပြောသည်။

"မီးမီးရယ်၊ ဝတ်တာပေါ့နော် ဖြည်းဖြည်းပေါ့"

"အန်တီငယ်လေးရောပါလာရင် သိပ်ကောင်းမှာ "

"အေးကွယ်၊ ငယ်လေးက ကျောင်းမပိတ်သေးဘူး မဟုတ်လား"

"အင်း. . . ဘာလိုလိုနဲ့ ငယ်လေးတောင် ဆရာဝန် ဖြစ်တော့မှာ ပဲ"

"နောက်ဆုံးနှစ် လေမမ၊ ဒါကြောင့် သူ့မှာ အသေအလဲကြိုး စားနေရတာ "

"ငါတို့ထဲမှာ ငယ်လေးက အချွန်ဆုံးပဲ၊ သူ ဆရာဝန် ဖြစ်တာ မေမေတို့အတွက် သိပ်ဟန်ကျတာပေါ့"

"ခုကတည်းက သူက အိမ်ကလူတွေ ကို ဆေးကုနေပြီလေ။ နှင်းဆီဆိုရင် သူ့ဆေးထိုးအပ် ရန်ကလွတ်အောင် မနည်းရှောင်နေရတာ "

နှင်းဆီရဲ့ အပြောကို သဘောကျပြီး ကလေးနှစ် ယောက် အားပါတရ ရယ်လေသည်။

"လက်သံက ပြောင်းသလားမမေးနဲ့"

ထိုနေ့ ညဥ့်နက်မှ အိပ်ကြလေသည်။

*

နှစ် ဆန်းတစ်ရက်နေ့ နံနက်စောစောမှာ ညီအစ်မ နှစ် ယောက် ထပြီး ချက်ကြပြုတ်ကြ သည်။ စားသွားဖို့ရော၊ ထမင်းဘူးတွေ အတွက်ပါ စီမံလိုက်ကြသည်။

နံနက်စာ စားသောက်ပြီး ဆယ်နာရီကျော်ကျော်လောက်မှာ အထုပ်ကိုယ်စီဆွဲပြီး ဆိပ်ကမ်း ဆီသို့ နှစ် ထပ်ဟီးနိုး လိုင်းကားဖြင့် ထွက်ခဲ့သည်။

"အန်တီလေး အပေါ်ထပ်ကသွားစီးမယ်"

ရာဇာကဆရာလုပ်၍ ရာဇာနောက် အားလုံးလိုက်ခဲ့ကြသည်။ အပေါ်ထပ်ကစီးတော့ လမ်းရဲ့ ရှုခင်းကို ပိုမြင်ရလေသည်။

ဆိပ်ကမ်းသို့ ရောက်တော့ ဆင်းခဲ့ကြသည်။ ကောင်းကင်ရထားဆီသို့ အသွားလမ်းက ဆိပ်ကမ်းတံတားနားမှာ နှင်းဆီဓာတ်ပုံတစ်ပုံရိုက်သည်။ နောက် သူ့တို့မိသားစုနဲ့ တစ်ပုံရိုက်သည်။

ကောင်းကင်ရထားစီးရာ နေရာသို့ လျှောက်ခဲ့ကြသည်။ လက်မှတ်ဝယ်ပြီး တန်းစီနေကြ သည်။ ပန်းခရမ်းရောင် ၊ မြန်မာချိတ်ထဘီလေးနှင့် နှင်းဆီက အားလုံးထဲမှာ အသွင်တစ်မူထူးနေ လေသည်။

"အခု တန်းစီနေတာ၊ ကောင်းကင်ရထားစီးဖို့ အန်တီလေးရဲ့ "

"အန်တီလေးသိပါတယ် ကိုကိုရာဇာကလဲ"

နေရာတကာ သူကချည်း ရှေ့ကပြောနေတဲ့ ရာဇာကို သဇင်က မကြည်မလင် အကြည့် လေးနှင့် ကြည့်ပြီးပြောသည်။

"အောင်မယ်၊ ငါက တီတီကျကျရှင်းပြနေတာ သိလား"

"ဟုတ်ပါပြီ၊ ရာဇာပြောပြမှ အန်တီလေးက ရှင်းမှာ ပေါ့"

နှင်းဆီက ပြုံး ပြုံး ရယ်ရယ်နှင့် ပြောသည်။ တစ်နေရာက ချောမွေ့ခဲ့ညားတဲ့ သူ တစ်ယောက် ၊ မိမိကိုစူးစူးရဲရဲကြည့်နေတာ မသိရှာပါ။

"အခု၊ ဓါတ်လှေကားနဲ့ ဆယ့်သုံးထပ်ကို တက်မယ်၊ အဲဒီ ကမှ ကောင်းကင်ရထားကိုစီးရ မှာ "

"ဟုတ်ပါပြီတဲ့ရှင်"

"ကဲ. . . လာကြဟေ့"

ဓာတ်လှေကားစီးဖို့ သူတို့အလှည့်ကျပြီမို့ ဓာတ်လှေကားထဲသို့ ဝင်လိုက်သည်။ တစ်ခါစီး လူဆယ်ယောက် လောက်သာ လက်ခံသည်မို့ တစ်သုတ်ပြီး တစ်သုတ် သွားရလေသည်။

အပေါ်ထပ်သို့ ရောက်တော့ ကောင်းကင်ရထားစီးဖို့ တန်းစီရပြန်လေသည်။

"ဟင်. . . တန်းကလဲ စီရပြန်ပြီလား"

"ဟုတ်တယ်၊ ဒီနေ့ လူအရမ်းများ နေလို့ အန်တီလေးရဲ့ "

"ဒီနေ့ တစ်ဖက်ကျွန်းကိုသွားတဲ့ ပျော်ပွဲစားတဲ့ သူတွေ မနည်းဘူးလေ"

နှင်းဆီတို့ အလှည့်ရောက်တော့ ကောင်းကင်ရထားပေါ်တက်ခဲ့သည်။ ငါးယောက် တစ်စီး စီးရတာ မို့ သူတို့ငါးယောက် အတွက် သီးသန့်လေး ဖြစ်သွားသည်။

"အန်တီလေး၊ ကြောက်လား"

“ဟင့်အင်း. . .”

“ဟိုးထိပ်က မြင်ရတဲ့တောင်က ဖေဘာတောင်လေ၊ အဲဒီ ကိုသွားမှာ ”

“အန်တီလေး၊ အောက်ငုံ့ကြည့်လိုက်စမ်းပါ”

သဇင်က သူမရဲ့ မျက်နှာကို ဆွဲလှည့်ပြီး ကြည့်ခိုင်းသည်။ အောက်က ဆိပ်ကမ်းအဆောက် အအုံများ ၊ ပင်လယ်ပြာပြာ၊ သင်္ဘောများ ၊ ကျန်ခဲ့တဲ့မြို့ ရဲ့ အဆောက်အအုံများ အားလုံးကို မြင်ရ သည်။

ခဏလေးသာစီးလိုက်ရပြီး တစ်ဖက်ကျွန်းကို ရောက်ခဲ့ရလေသည်။ ဖေဘာတောင်ပေါ်မှ စင်တိုဆာကျွန်းကိုရောက်ပါလေသည်။ ကျွန်းဝင်ခွင့်လက်မှတ် ဝယ်ရသေးသည်။

ကျွန်းအဝင်ဝမှာ ရှိတဲ့ ရေပန်းတွေ နဲ့ နဂါးကြီးများ မှာ နှင်းဆီတို့ ဓာတ်ပုံရိုက်သေးသည်။

နှင်းဆီနောက်သို့ အသည်းအသန်လိုက်ခဲ့သော သင်္ဘောကပ္ပတိန် သက်ဦးပိုင်ခမြာမှာ တန်းစီနေရသေး၍ နှင်းဆီတို့သည်ဘက်ကျွန်းရောက်တာတောင် သူ မရောက်လာနိုင်သေးပါ. . .။

နဂါးရုပ်ကြီးနားမှာ ကိုမင်းဒင်က သူ့မိတ်တွေ တစ်ဦးနဲ့တွေ့ပြီး စကားပြောနေ၍ နှင်းဆီတို့ ရပ်စောင့်နေရပါသည်။

ထိုအချိန်မှာ ကောင်းကင်ရထားပေါ်က အပြေးအလွှားဆင်းခဲ့ပြီး လှေကားတိုလေးတစ်ဖက်၊ မဆုံးခင် ဖြတ်ပြီးလာတဲ့ သက်ဦးပိုင်ရဲ့ အကြည့်တွေ ယောက်ယက်ခတ်နေသည်။ စွန်ရဲတစ်ကောင် အစာရှာတဲ့ မျက်လုံးတွေ ထက်တောင် သူ့မျက်ဝန်းတွေက တောက်ပြောင်နေမလားပဲ။

ဟော. . . တွေ့လိုက်ပါပြီ။ သက်ဦးပိုင် အသည်းအသန်ရှာနေတဲ့ မရမ်းပြာရောင် ပန်းပွင့် လေးတစ်ပွင့် လူအုပ်တွေ ထဲမှာ ထင်းထင်းရှင်းရှင်းကြီး ပေါ်နေပါသည်။

အနီးကပ်မလေ့လာရဲ၍ ခပ်လှမ်းလှမ်းပဲ ငေးကြည့်နေမိသည်။ ပြောပုံ ဆိုပုံ လှုပ်ရှားဟန် တွေ က သက်ဦးပိုင်ရဲ့ နှလုံးသားကို ဆွဲညှစ်လိုက်သလိုပါပဲ။

"ချစ်ဆုံးလေးရယ်"

ရင်ထဲမှာ မောလျတမ်းတစွာ ညည်းတွားလိုက်ပါသည်။ မမှိတ်မသုန် ကြည့်နေရမှာ မကောင်းတတ်၍ မျက်စိကိုလွှဲလိုက်သည်။

ချစ်လေးနဲ့ သိပ်တူတယ်။ ငါ့ချစ်လေးပဲ ဖြစ်မှာ ပဲ။ ကြိမ်းသေပေါက် တိတိကျကျကြီး သူက ရင်ထဲက ပြောလိုက်မိပါသည်။

နှင်းဆီတို့အုပ်စု ရှေ့ကထွက်သွားကြပါပြီ။ ခပ်လှမ်းလှမ်းမှ နောက်က သူလိုက်ခဲ့ပါသည်။

နှင်းဆီရဲ့ ကဗျာဆန်လှတဲ့ လှုပ်ရှားဟန်၊ ကျစ်လျစ်လှပလွန်းတဲ့ ကိုယ်နေဟန်ကို နောက်မှ တစိမ့်စိမ့်ကြည့်လိုက်ရင်း ရင်ထဲမှာ စစ်စစ်နဲ့ နာကျင်နေပါသည်။

သူ့ရဲ့ အသည်းနှလုံးတွေ ကို စိုးပိုင်နိုင်လွန်းတဲ့ သူလေးဟုတ်မဟုတ် မျက်နှာချင်းဆိုင်ပြီး မေးလိုက်ချင်ပါရဲ့ ။

ဒါပေမယ့် အပြစ်တွေ တနင့်တပိုးရှိခဲ့တဲ့သူ၊ ရင်ဆိုင်ရမှာ လည်း ဝန်လေးနေသည်။

"ဒါလောက်နှစ် တွေ ကြာနေပြီဆိုတော့ ချစ်ဆုံးလေးမှာ ပိုင်ဆိုင်ရမယ့်သူ ရှိနေပြီလား"

သည်အတွေ းကား သက်ဦးပိုင်ရဲ့ ရင်ကိုမွှန်းကျပ်အောင် ဖြစ်စေလိုက်ပါသည်။ နှလုံးသား ပြင်တစ်ခုလုံးမှာ နာကျင်စူးရှ သွားပါတော့သည်။

ကမ်းခြေဘက်ကို သူတို့သွားကြလေပြီ။ နှင်းဆီတို့ရဲ့ နောက်အရိပ်သဖွယ် သူလိုက်နေပါ သည်။ ကလေး နှစ် ယောက် နှင့် ပြေးလိုက်၊ လွှားလိုက် လုပ်နေတဲ့ နှင်းဆီကို သူတငေးတမောကြီး ကြည့်နေပါသည်။

ကမ်းခြေရဲ့ အုန်းပင်အောက်မှာ သူတို့တစ်တွေ မြက်ဖျာလေးခင်းပြီး နားကြသည်။ စားသောက်ဖွယ်ရာများ ကို အနီးရှိ ကျောက်စားပွဲမှာ တင်ထားလိုက်ကြသည်။

“ဟူး. . . မောလိုက်တာဟယ်”

စံပယ်က ခင်ပွန်းသည် ဝယ်လာတဲ့ဖျာပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချပြီး ပြောလိုက်သည်။

“နှင်းဆီ မမောဘူးလား”

“ဟင့်အင်း”

“နှင်မို့လို့ ကလေးတွေ နဲ့ ပြေးလွှားလုပ်နိုင်တယ်”

“မမကဝတော့ မောတာပေါ့”

“လာပြန်ပြီ၊ ဒီဝတာပဲ၊ နှင်ရော၊ နှင့်အစ်ကိုပါ ပုတ်ခတ်နေကြတာပဲ”

“နို့ မမက မဝလို့လား”

“ဝတယ်ဆိုရုံလေးပါ၊ ပုံပျက်ပန်းပျက်ကြီးမှ မဟုတ်တာ”

“ဟုတ်ပါဗျား”

ကိုမင်းဒင်ရော နှင်းဆီပါ စံပယ်ရဲ့ အပြောကို သဘောကျပြီး ရယ်ကြသည်။

“ဖေဖေ သားတို့ရေကူးချင်တယ်”

“မောသေးတယ်ကွာ”

“ဖေဖေတို့နားနေပေါ့၊ သားတို့ကူးချင်တယ်”

“မီးမီးလဲကူးမှာ ”

“ဖေဖေ လိုက်မစောင့်နိုင်သေးဘူး”

“ကဲပါ ကူးချင်ကူး၊ အန်တီလေး လိုက်စောင့်မယ်”

“ဝေး. . . ဝေး. . . ဟေး. . . ဒါမှ တို့အန်တီလေးကွ”

ကလေးနှစ် ယောက် ဝမ်းသာအားရထခုန်ပြီး အဝတ်လဲကြသည်။

“ကြည့်စမ်း၊ ဘယ်အချိန်က ရေကူးဝတ်တွေ ထည့်လိုက်ကြတာလဲ”

“မေမေ မသိအောင် သားနဲ့ညီမလေး ထည့်ခဲ့တာလေ”

“ကဲ. . . ကြည့်၊ ဘယ်လောက်ဆိုးလဲဆိုတာ”

“ပြီးပြီ သွားမယ် အန်တီလေး”

“ကဲ. . . မမတို့ ဒီမှာ အေးအေးသာနားနေ၊ နှင်းဆီသူတို့ကို လိုက်စောင့်မယ်”

ကမ်းခြေဆီသို့ ကလေးနှစ် ယောက် နှင့် အတူ ဆင်းခဲ့သည်။ စံပယ်တို့နားနေသည့်နေရာနှင့် ကမ်းခြေက နည်းနည်း လှမ်းသည်။

“ရာဇာနဲ့သဇင် အဝေးကြီး သွားမကူးရဘူးနော်”

“ဟုတ်ကဲ့ပါ၊ ဖော့ကြိုး တန်းအတွင်း းမှာ ပဲ ရေကူးခွင့်ပေးထားပါတယ် အန်တီလေးရဲ့ ”

နေရာတကာမှာ လျှင်မြန်ဖျတ်လတ်တဲ့ ရာဇာက သည်နေရာမှာ လည်း ကြို ပြီးသိနေပါ သည်။

ဝါရွှေရွှေသဲပွင့်လေးတွေ ပေါ် လျှောက်ခဲ့ပြီးရေထဲသို့ ကလေးတွေ က ဆင်းနေသည်။

“အန်တီလေးပါ ကူးပါလား”

“ဟင့်အင်း ရေကူးဝတ်စုံမှမပါတာ”

“ယူခဲ့တာ မဟုတ်ဘူး”

“မကူးချင်ပါကွယ်၊ သားတို့ကူးနှင့် အန်တီလေးဒီနားက စောင့်နေမယ်”

ကလေးတွေ ရေထဲဆင်းသွားပြီ၊ နှင်းဆီလည်း ဒူးဆစ်လောက်အထိ ရေထဲဆင်းလိုက် သည်။ လုံချည်ကို မခဲ့ပေမယ့် အနားလေးတွေ ရေစိုကုန်ပြီ။

တလိမ့်လိမ့်တက်လာတဲ့ လှိုင်းပြေပြေ လေးတွေ ထဲမှာ လျှောက်ခဲ့မိသည်။ သည့်ထက်နက် တဲ့ ရေထဲသို့ ဆင်းလို့ မ ဖြစ်တော့၍ နှင်းဆီရပ်နေလိုက်သည်။

နေရောင် ခြည်အောက်မှာ ဆံပင်လေးတလွင့်လွင့်နှင့် ရေထဲမှာ ငူငိုင်စွာ ရပ်နေသည့် ရှေ့ တွင် မြင်နေသော သော င်ပြင်ကမ်းပါးခြေနှင့် ကွေ့ဝိုက်ဆက်နေသည့် ကျွန်းငယ်လေးဆီသို့ ခေတ္တ ငေးကြည့် နေသည်။

နှင်းဆီရဲ့ ရပ်သွင်လေးကို အုန်းပင်ရိပ်မှ ခပ်ငေးငေးနှင့် စိုက်ရပ်ကြည့်နေတဲ့ သက်ဦးပိုင် တစ်ယောက် ငေးနေတဲ့နှင်းဆီနားဆီသို့ ပြေးသွားသွားချင်ပါသည်။

သူ့ရဲ့ အတွေ းတွေ က နှင်းဆီနားဆီသို့ ပြေးကပ်သွားပေမယ့် ခြေထောက်တွေ က ရပ်နေ သည့်နေရာမှ မရွေ့လျားမိပါ၊ အခုအချိန်မှာ ရေလှိုင်းလေးတွေ က သူ့ထက် ကံကောင်းနေသည်။ နှင်းဆီလေးနှင့် ရေလှိုင်းတွေ တွေ ့ထိနေရသည် မဟုတ်လား။

ရေထဲမှာ ဖြည်းလေးသော ခြေလှမ်းတွေ ဖြင့် တရွေ့ရွေ့နှင်းဆီပြန်တက်ခဲ့သည်။ တရွေ့ ရွေ့နီးကပ်လာတဲ့ မျက်နှာလေးကို ချစ်ခြင်းများ စွာ တမ်းတခြင်းများ နှင့် သက်ဦးပိုင်ကြည့်နေပါ သည်။

"ဟုတ်ပါပြီ၊ သူလေးမှ သူလေးအစစ်"

နှင်းဆီက သဲပြင်ပေါ်မှရပ်ပြီး ရေထဲက ကလေးတွေ ကို လှမ်းကြည့်နေသည်။ သက်ဦးပိုင်ကို ကျောခိုင်းလျက်သား ပြန် ဖြစ်သွားလေသည်။

ပင်လယ်လေကြောင့် လွင့်နေတဲ ဆံနွယ်တွေ ၊ လွင့်နေတဲ့လုံချည်စလေးတွေ ကလွဲ၍ နှင်းဆီရဲ့ ရုပ်သွင်က လွန်စွာ ငြိမ်သက်နေသည်။ ပင်လယ်ပြင်ကြီးဆီသို့ ငေးမော ကြည့်နေလေ သည်။

ထို စွဲမက်စရာ ပုံရိပ်လေးကိုကြည့်ရင်း၊ ကြည့်နေရင်းမှ သက်ဦးပိုင်ရင်ထဲမှ

တားဆီးမရ သော ဆန္ဒတွေ ဖြစ်ပေါ်နေပါသည်။ သည်ဆန္ဒတွေ ကို ကြိုး စားချိုး နှိမ်ပေမယ့် မစွမ်းဆောင်နိုင် အောင် ဖြစ်နေသည်။

စိတ်ကသာ ရပ်မိသည့် နေရာမှာ ကျောက်ချနေပေမယ့် ခြေလှမ်းတွေ ကား နှင်းဆီအပါးသို့ ရွေ့လျားနေလေသည်။

ဆွေးငေးနေတဲ့ နှင်းဆီသူမနားသို့ တစ်စုံ တစ်ယောက် နီးကပ်စွာ ရပ်လာသည်ကို သတိမပြုမိ။ ခေတ္တငြိမ်သက်စွာ ရပ်ရင်းချစ်မျက်နှာနုနုလေးကို ရင်မောရှို က်သံနှင့် တိုးလျှစွာ ခေါ်သည်။

“နှင်းဆီ”

ကိုယ်လေးဆတ်ခနဲ တုန်သွားသလို အကြည့်ကလည်း ရုတ်ခနဲ သူ့မျက်နှာဆီသို့ ရောက် လာသည်။

ပထမမျက်ခုံးလေးနှစ် ခု အလွန်အချိုး ကျနေရာမှ လှပသော မျက်ခုံးလေးပြေပြီး ပုံမှန် ဖြစ် သွားသည်။ နှင်းဆီဖူးသဏ္ဍာန် ပွင့်ဟဟ နှုတ်ခမ်းလေးတွေ တဖြည်းဖြည်း စေ့သွားသည်။

မျက်ဝန်းထဲမှာ အံ့သြမှု ကနေ တဖြည်းဖြည်းမှတ်မိလာသည့်ရိပ် ပြီးတော့မှု င်းသွားသည့် အရိပ်တွေ ကို စူးစိုက်ကြည့် နေတဲ့သက်ဦးပိုင်တွေ့လိုက်ရပါသည်။

“နှင်းဆီမဟုတ်လားဟင်”

သက်ဦးပိုင်ကို ကြည့်နေတဲ့ မျက်ဝန်းတွေ ထဲမှာ ရုတ်တရက် စိမ်းကားသည့် အကြည့်တွေ လွှမ်းသွားသည်။

“ရှင် ဘယ်သူ့ကိုခေါ်နေတာလဲ”

“မင်း နှင်းဆီမဟုတ်လားဟင်”

သက်ဦးပိုင်က ထပ်ပြီးမေးပြန်သည်။

“ရှင် လူမှား နေပြီ ကျွန်မနာမည် နှင်းဆီမဟုတ်ပါဘူး”

သူ့မျက်နှာကို ခပ်စိမ်းစိမ်းအကြည့်နဲ့ ကြည့်ပစ်ပြီး နှင်းဆီက ပြောလိုက်သည်။

“အို. . . ကျွန်တော့် အသိ နှင်းဆီနဲ့ သိပ်တူတာပဲ၊ ဆောရီးနော်”

မအီမလည် မျက်နှာကြီးနှင့် သက်ဦးပိုင်က ပြောသည်။ သူ့စိတ်ထဲမှာ ခုလို စေ့စေ့အကြည့် မှာ နှင်းဆီမှ နှင်းဆီဆိုတာ သိလိုက်ပါသည်။

ထိုသို့ ပြောနေပေမယ့် သူ့ခြေလှမ်း၊ သူ့အကြည့်တွေ က နှင်းဆီထံမှ မခွဲခွာသေးပါ။ လှမျက်နှာနုနုထွေကို စူးစိုက်ကြည့်မိခိုက် မေးဖျားက မှည့်နက်နက်လေးကို မြင်ရသည်။ သက်ဦးပိုင် ရဲ့ အကြည့်တွေ ပို၍ တောက်ပလာသည်။

“ဒီမေးဖျားပေါ်က မှည့်လေးက နှင်းဆီဆိုတာပါသက်သေခံနေပါပြီ၊ ဘာလို့ညာရက်တာလဲ ကွယ်”

ရင်ထဲကမချိတင်ကဲကြီးတွေ းပြီး မျက်ဝန်းတွေ ညှိုး ကျသွားသည်။

နှင်းဆီက အကြည့်တွေ ကို သူ့ရဲ့ မျက်နှာက လွှဲဖယ်ပြီး ပင်လယ်ပြင်ဆီသို့ နာကြည်းတဲ့ မျက်ဝန်းတွေ နဲ့ ကြည့်နေသည်။ သူမစိတ်တွေ က ဒေါသကြောင့် ပဲထင်၊ ရှေ့ကလှိုင်းလုံးတွေ နှင့် အပြိုင်ဖိုလှိုက်နေပါသည်။

“နှင်းဆီလေး ဘာလို့ကိုကို့ကို ညာရက်တာလဲ၊ ဒီ့ပြင်လူကိုသာ လူမှား တယ်လို့ နှင်းဆီညာ လို့ရမယ်၊ ကိုကို့ကို ညာလို့မရဘူး”

စိမ်းကားနာကြည်းတဲ့ မျက်လုံးတွေ နဲ့ နှင်းဆီသူ့ကို ကြည့်လာသည်။ ဖူးဖူးရွရွ နှုတ်ခမ်းလေး တွေ က မဲ့ပြုံး ပြုံး လိုက်တဲ့အတွက် အစွန်းကလေး ကော့သွားသည်။

“ရှင် လူမှား နေပြီလို့ ပြောတာတောင် မရဘူးလား၊ ကျွန်မကို လိုက်မနှောင့်ယှက်နဲ့၊ ဒီနားမှ ကျွန်မခဲအိုရှိတယ်၊ ခေါ်လိုက်ရမလား”

“နှင်းဆီရယ်၊ ကိုကို့အပေါ် မင်း သိပ်စိမ်းကားလှချည်လား”

မဲ့ပြုံး လေးတစ်ခုထပ်ပြီး ဆိုးသွားပြီ။

"ဒီလိုပြုံး လိုက်တဲ့ အပြုံး က မင်း နှင်းဆီဆိုတာကို ခိုင်လုံအောင်ပြလိုက်တာပဲ။ မင်းရဲ့ အပြုံး ၊ မင်းရဲ့ မျက်လုံးတွေ ထဲ ကိုကို့ကို ဘယ်လောက်မုန်းနေတယ်ဆိုတာ ပြနေတယ်လေ"

ငြင်းနေလို့လည်း အပိုပဲ။ နှင်းဆီက သူ့ကို မျက်နှာချင်းဆိုင်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မနှင်းဆီလေ၊ အဲဒီ တော့ ရှင် ဘာဆက်ပြောချင်သေးလဲ"

ရဲဝံ့ပြတ်သားတဲ့ အကြည့်တွေ နဲ့ နှင်းဆီက သက်ဦးပိုင်ကိုကြည့်ပြီး ပြောသည်။

"ချစ်လိုက်ရတဲ့ နှင်းဆီလေးရယ်၊ ကိုကို့ကို ဒီအကြည့်တွေ နဲ့ မကြည့်ပါနဲ့လားကွယ်"

ရင်ထဲက ခံစားမှုကြီးကို သက်ဦးပိုင် တောင်းပန်လိုက်သည်။

နှင်းဆီက သူ့ရဲ့ မျက်နှာကို နှုတ်ခမ်းလေး တင်းတင်းစေ့ပြီး စေ့စေ့ကြည့်နေရင်းမှ ရင်ထဲမှာ တဒိုင်းဒိုင်း ခုန်ပြန်လာသည်။

သူ့ကိုစတွေ့တုန်းက နှင်းဆီ သူမရဲ့ မျက်လုံး သူမ မယုံရဲအောင် တကယ့်ကို အံ့သြမှင်သက် စွာ ဖြစ်ရပါတယ်။ ဘယ်လောက် နှစ် တွေ ကြာခဲ့ပေမယ့် သူ့ရုပ် သူ့အသွင်ကို နှင်းဆီ မမေ့ပါဘူး။

နှင်းဆီရဲ့ ရင်ထဲမှာ ။ အသည်းထဲမှာ သူ့ရုပ်သွင်က ထာဝရကြီးစိုးနေတာပဲမဟုတ်လား။

"ဘယ်တုန်းကမှ မုန်းလို့ မေ့လို့မရတဲ့ ကိုကို့ရဲ့ ရုပ်သွင်ပဲလေ"

သူ့အပေါ်မှာ ဘယ်လောက်သံယောဇဉ်တွေ ရှိနေခဲ့၊ ဘယ်လောက် ချစ်နေ၊ ချစ်ဆဲ ဖြစ်ပေ မယ့် နှင်းဆီသည် အချစ်တွေ ကို သူ့ကို ဘယ်တော့မှ ထုတ်မပြဘူး၊ နှင်းဆီထုတ်မပြရဲပါဘူးလေ။

မလွတ်မလပ် ဖြစ်နေပြီ ဖြစ်တဲ့ ကိုကို့ကို နှင်းဆီ ရင်ထဲကပဲ တိတ်တခိုးချစ်သွားမှာ ပါ။ နာကြည်းတဲ့စိတ်ကတစ်ပိုင်း၊ ချစ်တဲ့စိတ်ကတစ်ပိုင်း တခြားစီပဲလေ။

ကိုကိုဘယ်လောက် စိတ်နာခဲ့ပေမယ့် နှင်းဆီရဲ့ အသည်းကြားမှာ လျှပ်တပြက်လက်သွား တဲ့ ချစ်မျက်လုံးလေးတွေ ကို သက်ဦးပိုင် တွေ့ဖြစ်အောင် တွေ့ လိုက်ရသည်။

"နှင်းဆီ ကိုကို့ကို သိပ်မုန်းနေတာလား"

"ရှင်နဲ့ကျွန်မကြားမှာ မုန်းစရာအကြောင်းတွေ ရှိခဲ့လို့လား"

သရော်ယောင်ယောင်၊ ရိယောင်ယောင် ပြောလိုက်တဲ့ နှင်းဆီရဲ့ စကားက သူ့ရင်ကို ပြင်းထန်စွာ ထိုးနှက်လိုက်ပါသည်။

"ဪ. . . နှင်းဆီရယ်"

ညှိုး လျှလွန်းတဲ့ မျက်နှာ၊ ခယလွန်းတဲ့ မျက်ဝန်းတွေ နဲ့ သက်ဦးပိုင် သူမကို ကြည့်နေပါသည်။

"ကိုကို အေးအေးဆေးဆေး နှင်းဆီလေးနဲ့ စကားပြောချင်တယ်"

ဝေ့ဝဲလာတဲ့ ဆံစတွေ ကို နှင်းဆီက ခေါင်းလေးခါခါပြီးပင့်တင်လိုက်သည်။ အကြည့်စူးစူး တွေ နဲ့ပ သူ့ကို မော့ကြည့်လာသည်။

"ရှင်နဲ့ကျွန်မကြားမှာ ဘာစကားမှ ပြောစရာမရှိပါဘူး"

"နှင်းဆီဘက်ကမရှိပေမယ့် ကိုကို့ဘက်က သိပ်ကိုရှိနေပါတယ် နှင်းဆီလေးရယ်"

"ရှင် ဘယ်လောက်ပြောချင်ပေမယ့် ကျွန်မမှ နားမထောင်ချင်တာပဲ"

"နှင်းဆီလေးရယ်၊ အဲလောက်ကြီး ကိုကို့အပေါ်မှာ မရက်စက်သင့်ပါဘူး"

"ဟာ. . . ဟ၊ ကျွန်မက ရက်စက်တယ်ဟုတ်လား၊ ရယ်စရာတွေ တော့

ဖြစ်ကုန်ပါပြီ”

လှောင်ရယ်ရယ်ပြီး နှင်းဆီကပြောသည်။ ယခင်က နူးညံ့မှု သိမ်မွေ့မှု ၊ ချစ်တတ်မှု တွေ ပြည့်လျှမ်းခဲ့တဲ့ မျက်ဝန်းလေးတွေ မှာ ခု စိမ်းကားမှု ၊ လှောင်သရော်မှု တွေ ကို သက်ဦးပိုင် တွေ့နေရ ပါသည်။

သည်အပြစ်က သက်ဦးပိုင်ရဲ့ နှလုံးသားကို ပြင်းထန်စွာ ပူလောင်နာကျင်စေပါသည်။

“နှင်းဆီလေးရယ်၊ ကိုကို အနူးအညွတ်ဆုံး၊ အခယဆုံး အနေအထားနဲ့ နှင်းဆီလေးကို တောင်းပန်နေပါတယ်ကွယ်၊ နှင်းဆီလေးရဲ့ ခြေထောက်ကိုဖက်ပြီး တောင်းပန်ဖို့လေ ကိုကိုဝန် မလေးပါဘူး၊ ကိုကို့ ဘက်ကရှင်းပြတဲ့ စကားတွေ ကို နည်းနည်း လောက် စာနာပြီး နားထောင်ပေး ပါဦးကွယ်”

သက်ဦးပိုင်ရဲ့ မျက်ဝန်းထဲမှာ ခံစားမှု ရောင် ပြန်ဟပ်ပြီး မျက်ရည်ကြည်တွေ ဝေ့နေပါသည်။ ခယတိုးလျှိုး ပြီး တုန်ခိုက်မောနေတဲ့ လေသံနှင့် သူပြောသည်။

သည်လိုမြင် သည်လိုကြားရတော့ တင်းမာနာကြည်းခဲ့တဲ့ နှလုံးသားအပေါ်ယံလေး ပျော့ ပျောင်းလာသလို နှင်းဆီခံစားမိပါသည်။

နူးညံ့မှု တွေ ပြည့်လာတဲ့ မျက်ဝန်းတွေ ကို သက်ဦးပိုင်တွေ့ရသည်။

“နှင်းဆီလေး သူ့အပေါ်မှာ ခုထက်ထိ ကြင်နာတွေ ပိုခဲ့တာပဲမို့ ကြာကြာဟန်ဆောင်နိုင်လို့ မရပါဘူးလေ”

သူမရဲ့ မျက်ဝန်းလေးကိုကြည့်ပြီး သက်ဦးပိုင် အားတက်သွားသည်။

“ကိုကို့ရဲ့ ခံစားချက်တွေ ကို ခဏလောက် နားထောင်ပေးပါကွယ်”

“ညို့ ကိုသွားပြောရင် ပိုပြီး ပီပြင်သွားမှာ ပေါ့ ဦးသက်ပိုင်၊ ကျွန်မကိုပြောလို့ အပိုပဲနေမှာ ပါ”

ရုတ်တရက် ပျော့ကျသွားတဲ့စိတ်ကိုတင်းပြီး နှင်းဆီ ပြောလိုက်သည်။ နှင်းဆီရဲ့

စကားက သူ့ရဲ့ မျက်နှာကို ဖြတ်ရိုက်လိုက်သလို သူ့ရဲ့ မျက်ဝန်းထဲမှာ သိပ်ကိုနာကျင်သွားတာ နှင်းဆီတွေ့ရသည်။

"ဟေး. . . နှင်းဆီ၊ ကလေးတွေ ကြာနေပြီ ခေါ်တော့လေ"

စံပယ်က သူမဆီသို့ လှမ်းလျှောက်လာရင်း ပြောသည်။ သည်တော့မှ နှင်းဆီက ကလေးတွေ ကို သတိရပြီး ကြည့်လိုက်သည်။

စံပယ်က နှင်းဆီနားရောက်လာပြီး နှင်းဆီနားက သက်ဦးပိုင်ကို ပြုံး ပြုံး လေးကြည့်ပြီး။

"နှင်းဆီရဲ့ မိတ်ဆွေထင်တယ်"

"ဟုတ်ပါတယ်"

"ဩော်. . . ဒီမှာ လာပြီး စုံကြတာပေ့ါ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော် လဲ နှင်းဆီကိုမြင်မြင်ချင်း ဟုတ်မှ ဟုတ်ပါ့မလားလို့ ထင်မိတာ၊ တွေ့ရတော့ သိပ်ကိုအံ့သြ သွားပါတယ်"

"သက်ဦးပိုင်က ရွှန်းရွှန်းဝေအောင်ပြောနေသည်။
နှင်းဆီတိတ်တခိုးမျက်စောင်းလေး သူ့ကို ထိမှန်တာ သိလိုက်ပေမယ့်
ဆက်ပြီးစကားပေါနေသည်။

"လာလည်တာလားဟင်"

"ကျွန်တော့် နာမည် သက်ဦးပိုင်ပါ၊ သဘော်ကပ္ပတိန်ပါ။ အခု ခဏနားရင်း စင်ကာပူမှာ လျှောက်လည်နေတာပါ"

"ဩော်. . . ဟုတ်လား၊ မမက နှင်းဆီအစ်မ စံပယ်လေ"

"ဟုတ်ကဲ့. . . မစံပယ်ကို မမြင်ဘူးပေမယ့် နှင်းဆီပြောပြလို့ ကြားဖူးပါတယ်"

ကြည့်၊ ဟိုတုန်းကဟာတွေ ကို သူက အတွေးထဲမှာ ပြန်တူးဖော်ပြီး မမစံပယ်ကို

အပြတ် ရောနေပါရောလား။

စံပယ်က သူ့ထက်ငယ်တာမို့ မစံပယ်လို့ပဲ သူခေါ်လိုက်သည်။

“ရာဇာနဲ့သဇင် လာကြတော့လေ”

“ဟုတ်ကဲ့အန်တီလေး”

ကလေးနှစ် ယောက် ကမ်းပေါ် ပြေးတက်လာကြပြီ။

“ကဲ. . . ကိုသက်ဦးပိုင် စံပယ်တို့နားတဲ့နေရာကို လိုက်ခဲ့ပါ”

“ဟုတ်ကဲ့ခင်ဗျာ”

စံပယ်ကြောင့် သက်ဦးပိုင်ရဲ့ အလိုတွေ ပြည့်ရပါပြီ။ စိမ်းကားလွန်းစွာ ဆက်ဆံနေတဲ့ နှင်းဆီအပါး ကပ်ရခက်နေတုန်း စံပယ်နဲ့တွေ့လိုက်တာ သိပ်ကိုဟန်ကျနေပြီ။

နားနေရာဆီသို့ စကားတပြောပြောနဲ့ လျှောက်ခဲ့သည်။

♥ ♥ ♥

# အခန်း(၆)

စံပယ်ကို အပြတ်စည်းရုံးပြီး စံပယ်နဲ့ သက်ဦးပိုင် လေပေးဖြောင့်နေသည်။ နှင်းဆီက လူလည်ကျလွန်းတဲ့ သက်ပိုင်ဦးကို ဆွဲခါပစ်လိုက်ချင်သည်။

“ကိုသက်ဦးပိုင် သင်္ဘောလိုက်တာ ကြာပြီလား”

“ကြာပါပြီ မစံပယ်၊ ဆယ်နှစ် တောင်ကျော်ခဲ့ပါပြီ”

“ဟာ. . . ဒါကြောင့် လဲ ကပ္ပတိန် ဖြစ်နေတာပေါ့၊ ဟုတ်လား”

“တစ်နှစ် တစ်ခေါက်တော့ မြန်မာပြည်ပြန်မှာ ပေါ့”

"သဘော်စလိုက်ကတည်းက မြန်မာပြည်ကို တစ်ခေါက်မှ ကျွန်တော် မပြန်ခဲ့ပါဘူး မစံပယ်"

"ဟင်..."

နှင်းဆီရင်ထဲမှ အံ့သြသံကြီးက လှိုင်မြည် သွားသည်။ အံ့သြလွန်းတဲ့မျက်နှာလေးနဲ့ သက်ဦးပိုင်ကို ကြည့်လိုက်သည်။

စံပယ်ကလည်း သိပ်စပ်စုတယ် ထင်မှာ စိုး၍ ဘာလို့မပြန်တာလဲ ဆိုသော မေးခွန်းကို ဆက်မမေးတော့ပါ။

သူ ဘာလို့မပြန်တာလဲ၊ ညီနဲ့သားသမီးတွေ ကို သူပစ်ထားတာလား၊ ဒါမှမဟုတ် ဘာအ ကြောင်းရှိလို့ မပြန်တာလဲ

နှင်းဆီရဲ့ ရင်ထဲမှာ လည်း မေးခွန်းတွေ အပြည့်ပါ။ ဒါပေမယ့် နှင်းဆီထုတ်ပြီးမမေးရဲအောင် ဖြစ်နေပါသည်။

စကားတပြောပြောနဲ့ လျှောက်ရင်းက နားနေသည့်နေရာသို့ ရောက်ခဲ့သည်။ ကိုမင်းဒင်က သူစိမ်းယောက်ျားတစ်ဦးပါလာတာကို တွေ့၍ လှဲနေရာမှ ထထိုင်လိုက်သည်။

"ကိုကိုရေ ဒီမှာ နှင်းဆီရဲ့ မိတ်ဆွေ ကိုသက်ဦးပိုင်တဲ့၊ ကမ်းခြေမှာ နှင်းဆီနဲ့ဆုံကြတာလေ"

"ထိုင်ပါ ကိုသက်ဦးပိုင်"

စံပယ်က သူ့ ယောက်ျားနှင့် သက်ဦးပိုင်ကို မိတ်ဆက်ပေးသည်။ မင်းဒင်နှင့် သက်ဦးပိုင် လေပေးဖြောင့်နေသည်။

သူတို့နှစ် ဦး အဖွဲ့ကျနေတာကိုကြည့်ပြီး နှင်းဆီကပင့်သက်လေးရှို က်လိုက်သည်။

သည်အတိုင်းဆိုလျှင် သက်ဦးပိုင်ကို ပထုတ်ဖို့အရေး က သိပ်မလွယ်တော့လေပြီ။ မင်းဒင်နှင့် စံပယ်တို့ရဲ့ ရင်းနှီးမှု ကို ရအောင်ယူပြီး မိမိနှင့် တွေ

အောင် ကြိုး စားနေမည် သာ။

“မေမေ သားတို့ဆာပြီ”

“အေး. . . အားလုံးတူတူ စားကြတာပေါ့”

ကျောက်စားပွဲမှာ စံပယ်နှင့် နှင်းဆီက စားသောက်ဖွယ်ရာများ ကို ပြင်ဆင်ကြသည်။

“ကိုသက်ဦးပိုင်ပါ စားလိုက်ပါနော်”

“ကျွန်တော် စားခဲ့ပြီးပါပြီ”

“လာပါဗျာ၊ ဝင်စားလိုက်ပါ”

သက်ဦးပိုင်အတွက်ပါ။ တစ်ခါစားပြီး လွှင့်ပစ်ရသော ဖော့ထမင်းဘူးတစ်ဘူးကို ပေးလိုက် သည်။ ဟင်းတွေ ကတော့ စတီးချိုင့်တွေ နဲ့ပါ၊ ကြိုက်တာခပ်ယူစားရုံသာ။

စားသောက်နေရင်းက နှင်းဆီထံသို့ သူ့ရဲ့ အကြည့်တွေ ခဏခဏရောက်သွားသည်။ သူ့ အကြည့်ကြောင့် ရင်မခုန်သင့်မှန်း သိနေပေမယ့် နှင်းဆီရဲ့ နှလုံးသားလေး သိမ့်ခနဲ ခုန်ခုန်သွားရ ပါသည်။

“နှင်းဆီ ဘယ်တော့လောက် ပြန်မှာ လဲ”

“ဒီမှာ တစ်လလောက်တော့ နေ ဖြစ်မယ် ထင်ပါတယ်”

“သူ့ကို ပီနံအထိ လိုက်ပို့ဖို့စီစဉ်ထားတယ်၊ ကိုသက်ဦးပိုင်ရဲ့ ”

“ဟုတ်လား၊ ကောင်းပါတယ်”

“သွားရင် ကိုသက်ဦးပိုင်ကော လိုက်ခဲ့ပါလား”

“ဟာ. . . သေတော့မှာ ပဲ၊ ဘာမှန်းမသိ၊ ညာမှန်းမသိ မမတို့က စွတ်ပြီး လောကွတ်ချော်နေ တော့တာပဲ”

စိတ်ထဲ နှင်းဆီ ဒေါပွပြီးထအော်မတတ်ပါ။

သက်ဦးပိုင်အတွက် အရမ်းကို အဆင်ပြေ သွားပါသည်။ နှင်းဆီနှင့် နီးနီးကပ်ကပ် သိပ်နေချင် ကာမှ အခြေအနေက ပေးနေသည်။ စံပယ်ကို ရင်ထဲက ပစ်ခတ်ပြီး ကျေနပ်ရူးတင်နေမိပါသည်။

"မေမေ သဇင်တို့ ရထားစီးမယ်"

"အေး စားပြီးသွားကြတာပေါ့"

စားသောက်ပြီး ချိုင့်တွေ သိမ်း၊ မြက်ဖျာလေးလိပ်ခေါက်ပြီး ရထားဆီသို့ ထွက်ခဲ့သည်။ ကောင်းကင်ရထားမှာ လည်း တန်းစီစောင့်ပြီး စီးရသည်။ တောင်ပတ်လမ်းအတိုင်း ရထားသွား သည်။

ကိုမင်းဒင်နှင့် သက်ဦးပိုင်က အဖွဲ့ကျနေလေသည်။ နှင်းဆီနှင့် တောင် သိပ်စကားမပြော ဖြစ်တော့ပါ။ ဒါပေမယ့် သူ့အကြည့်တွေ ရော အပြုံး တွေ ပါ နှင်းဆီထံသို့ မကြာခဏ ထိကပ်နေ သည်။

ရထားစီးပြီး တစ်ခါ ရေအောက်မှာ မှန်တွေ နှင့် သွားသော ရေအောက်ရထားစီးကြပြန်သည်။ ငါးလေးတွေ ကြားမှာ ရေအောက်ထဲမှာ သွားလာရတာ တစ်မျိုး အရသာပေါ့။

သည်လိုနှင့် ညနေစောင်းခဲ့ပြီ။ ကျွန်းပေါ်က ဟော်တယ်ထဲဝင်ခဲ့သည်။ သက်ဦးပိုင်က သူတို့ကို အသားညှပ်ပေါင်မုန့် အအေးတို့ဖြင့် နေ့လယ်စာကို ကျွေးပြန်သည်။

"ညနေ မြူဇင်ကယ်ဖောင်တိန်လို့ခေါ်တဲ့ ဂီတာသံနဲ့အတူ လှုပ်ရှားတဲ့ ရေပန်းတွေ ကြည့်ပြီးမှ ပြန်ကြတာပေါ့"

"အဲဒါ ခုနစ်နာရီမှ စတာ"

"ငှက်တွေ သွားကြည့်ရအောင် ဖေဖေ"

သဇင်ကပူစာ၍ ငှက်တွေ ဘက် လျှောက်ကြည့်သည်။ နောက်ပြီးတော့

ရေပန်းတွေ ရှိနေ သည်။ ကမ်းနားမှာ နင်းဆီဓာတ်ပုံရိုက်သေးသည်။

အစ်ကိုတို့မိသားစုပုံ ကျွန်တော် ရိုက်ပေးမယ်။ စံပယ်တို့မိသားစုနှင့် နင်းဆီရဲ့ ပုံလေးကို သူကရိုက်ပေးသည်။ ကင်မရာရဲ့ မှန်ဘီလူးလေးထဲမှာ ထင်ဟပ်လာတဲ့ နင်းဆီရဲ့ မျက်နှာလေးကို အားမနာတမ်း စူးစိုက်ကြည့်ပစ်လိုက်သည်။

ညခုနစ်နာရီမှ မြူ ဇစ်ဖောင်တိန်ကစမှာ မို့ ခြောက်နာရီခွဲလောက်ကတည်းက လှေကားထစ် သဖွယ် စက်ဝိုင်းခြမ်းပုံသဏ္ဌာန်ရှိစင်မှာ နေရာယူထားသည်။

ပိုက်ဆံထည့်ပြီး လိုချင်သည့်ပစ္စည်းရဲ့ နံပါတ်နှင့် ခလုတ်နှိပ်ယူလို့ရသော လမ်းထောင့်မှာ ရှိနေသည့် သေတ္တာအိမ်လေးထဲမှ အာလူးကြော်၊ ပဲစိမ်းလုံးကြော်တွေ ကို သက်ဦးပိုင်က ဝယ်ခဲ့ သည်။ ထိုင်စောင့်ရင်း အပျင်းပြေစားကြလေသည်။

မကြာပါ၊ မီးမှော င်ချပြီး ရှေ့မျက်နှာစာ ကန်ရေပြင်မှာ မီးရောင် စုံတွေ လင်းလက်လာသည်။ ကျယ်လောင်သော ဂီတသံပေါ်လာသည်။ ရေပန်းတွေ ပုံစံအမျိုး မျိုး ဂီတသံအလိုက် ပြောင်းသလို၊ မီးရောင် တွေ အမျိုး စုံပြောင်းတာကို ကြည့်ကြသည်။

ပြီးမှ ထိုနေရာမှ လူအုပ်ထဲတိုးငွေ့ပြီး ပြန်ခဲ့သည်။ အပြန်လမ်းမှာ သင်္ဘောဖြင့် စင်ကာပူ ကျွန်းဘက်သို့ ကူးခဲ့သည်။ သက်ဦးပိုင်လည်း တစ်ဖက်ကမ်းကို ပါလာသည်။

“ကိုသက်ဦးပိုင် ဘယ်မှာ တည်းလဲ”

“ကျွန်တော့်ရဲ့ သူငယ်ချင်း တစ်ယောက် ရဲ့ အခန်းမှာ ပါ”

လိုင်းကားမစီးခင်မှာ လမ်းခွဲကြသည်။ သက်ဦးပိုင်ကို စံပယ်နှင့် ကိုမင်းဒင်က အိမ်လိပ်စာ ပေးပြီး အလည်ခေါ်သည်။ သူလည်း လာလည်မည် လို့ ကတိပေးလိုက် သည်။

“နင်းဆီရေ သွားမယ်နော်”

သွားခါနီး နင်းဆီရဲ့ မျက်နှာလေးကို အပြုံး လဲ့လဲ့ဖြင့် စူးစူးကြီးတစ်ချက်ကြည့်ပြီး နှုတ်ဆက် သွားသည်။ သူ့ရဲ့ မျက်ဝန်းထဲမှာ အချစ်တွေ ရှိနေသေးတာ နင်းဆီတွေ့ရပါသည်။

မိုးချုပ်မှ အိမ်ပြန်ရောက်သည်။ တစ်နေ့လုံးပင်ပန်းခဲ့ကြတဲ့ ကလေးတွေ

အိမ်ရောက်စား သောက်ပြီးတာနဲ့ အိပ်ကြလေပြီ။ စံပယ်နှင့် ကိုမင်းဒင်လည်း အိပ်ရာဝင်ကြလေပြီ။

မအိပ်နိုင်သေးပဲ၊ အတွေ းတွေ ဖြင့် ချောက်ချားတုန်လှုပ်နေရသူက နှင်းဆီ။ သက်ဦးပိုင် အကြောင်းကိုသာ သူမ ထပ်တလဲလဲ တွေ းနေမိသည်။

သက်ဦးပိုင်ရဲ့ ဆယ်နှစ် အတွင် း ဖြစ်ပျက်ခဲ့သည့် ဘဝအခြေအနေတွေ ကို သိပ်ကိုသိချင်နေ ပါသည်။

"ညိုနုနဲ့သူ ကွဲသွားပြီလား"

"သူ ဘာကြောင့် မြန်မာပြည်ကို လုံးဝမပြန်တော့တာလဲ"

"တကယ်ဆိုရင် အိမ်ထောင်နဲ့ပဲ၊ သားမယားရှိရာကို ပြန်ရမှာ ပေါ့"

ထပ်တလဲလဲ သက်ဦးပိုင်အကြောင်းတွေ ကိုသာ တွေ းတော့နေမိပါသည်။

ခုလိုတွေ့မြင်လိုက်တော့မှ သက်ဦးပိုင် သူမကို ဘယ်လောက်ထိ စိုးမိုးနေဆဲဆိုတဲ့ အတိုင်း အတာကို ပီပီပြင်ပြင်ကြီး တွေ့သိလိုက်ရပါသည်။

အိပ်မပျော်ပဲ နှင်းဆီရဲ့ အတွေ းများ က တရိပ်ရိပ်အတိတ်ဆီသို့ ပြေးလွှားနေပါသည်။

လွန်ခဲ့သော ဆယ်နှစ် ခန့်က၊ နှင်းဆီဆယ်ကျော်သက်ဘဝက အ ဖြစ်တွေ ကို တရိပ်ရိပ် ပြန်လည်ခံစားမိပါတော့သည်။ အတိတ်ရဲ့ ဆွဲခေါ်ရာနောက်သို့ တမေ့တမောကြီး ပြေးဝင်လိုက်သွား မိပါတော့သည်။

♥ ♥ ♥